သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၇)

ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွား

အရေးကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ပေါင်းစည်းလက်တွဲနေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီး၌ စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်. ဩဂုတ် ၃ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအခမ်းအနားတွင် သင်တန်းသားစံပြဆုရရှိသော ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ နည်းပြဦးစန်းယုအောင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံနှင့်လူမျိုး အဆင့်အတန်းတိုးတက်မြင့်မားရေး ကိုယ့်အားကိုယ်ကိုး ရိုးသားစွာကြိုးပမ်း နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်း အဆင့်မြင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများ မိတ်ဆွေနိုင်ငံများကူညီမှုဖြင့် ဆောင်ရွက်နေဆဲဖြစ် ဆက်လက်ဆောင်ရွက်ဖွယ်များ အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမည်

ရန်ကုန် ဩဂုတ် ၄

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ဒီဂရီကောလိပ် ပင်မဆောင်

ဩဂုတ် ၃ ရက်က မြင်းခြံမြို့ ဒီဂရီကောလိပ် ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်း–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်း ခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး စိတ်အေးချမ်းမြေ့စွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာ နေထိုင်နိုင်ရေးတို့အတွက် ရိုးသားကြိုးစားကာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ ကိုယ်တွေ့ခံစားနေရပြီဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ယင်းစီမံကိန်းကြီးနှင့် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအထူးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု၏ စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းများစသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဆင့်ဆင့်ကို ဆင့်ကဲဆင့်ကဲ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ၊ နယ်စပ်အစွန်အဖျားဒေသများအထိကွင်းဆင်းပြီး လမ်းညွှန်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံအမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီး ချစ်ကြည်စွာ ဆက်ဆံမှုများတိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရန် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရင်း နိုင်ငံတကာ ပဋိပက္ခအငြင်းပွားမှုများ ကင်းရှင်းစွာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးအတွက် ရိုးသားစွာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေပေသည်။

ဩဂုတ်လ ၂ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပသော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်း ဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားရာတွင်–

"ယနေ့ Globalization ခေါ်သည့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ဖြစ်ပေါ်နေမှုအစဉ်တွင် တစ်နိုင်ငံတည်းထီးထီးရပ်တည်နေ၍ မရတော့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာကို တံခါးဖွင့်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လာသည့် အချိန်အခါတွင် ကမ္ဘာ့မိသားစုအတွင်းပြန်ဝင်ရန် အားပေးဖိတ်ခေါ်ရမည့်အစား နိုင်ငံရေးအကြောင်းပြချက် သက်သက်ဖြင့် အထီးကျန်ဖြစ်အောင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများက ဖိအားပေးပိတ်ဆို့မှုများ လုပ်ဆောင်နေကြခြင်းသည် ဆင်းရဲချမ်းသာကွာဟမှုကို ပိုမိုအားပေးနေသကဲ့သို့ လူ့အခွင့်အရေး ကာကွယ်ထိန်းသိမ်းမှုနှင့်လည်း ဆန့်ကျင်လျက်ရှိနေသည်ကို တွေ့ရကြောင်း"

ပြောကြားသွားသည်။

မြန်မာနိုင်ငံအနေဖြင့် မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းသွားမည်သာဖြစ်သည်။ မိမိနိုင်ငံ မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက် အခြေခံများနှင့်ဆီလျော် ညီညွတ်သော နည်းလမ်းများဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ် ဆရာဆရာမများ အားလုံးအပါအဝင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေး မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၈-၂၀၀၄
ကြာသပတေးနေ့

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Index Numbers (ဒုတိယနှစ်–စီးပွားရေး)
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း–၁၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** **(ဒုတိယတွဲ) (အပိုင်း–၄)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း အခြေခံပညာမူလတန်းအဆင့် ဘောလုံးပြိုင်ပွဲဖွင့် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်း အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၄

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ပဉ္စမအကြိမ်မြောက် အခြေခံပညာမူလတန်းအဆင့် ဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များအားကစားကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသားအားကစားအသင်း အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ Sweety Home Co., Ltd.မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာပြိုင်ပွဲဝင်အသင်းများက အားကစားကွင်းအတွင်း နေရာယူကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား အလေးပြုကြသည်။

ပြိုင်ပွဲဖွင့်လှစ်ပေး

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းမှ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့က သရုပ်ပြဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြိုင်ပွဲကိုစတင်ကျင်းပရာ ထန်းတပင်မြို့နယ် အသင်းနှင့် ဗဟန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲသို့ အသင်း၁၆သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်

ဇူလိုင် ၂၄ ရက်က အမက(၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဒါန်းသော ဗလာစာအုပ်နှင့် ခဲတံများကို ကျောင်းအုပ်ဆရာကြီး ဦးသာဒင်က ကျောင်းသားမိဘများသို့ ပေးအပ်စဉ်။

(က–ပ)

ရာဖြတ်ခြင်းနှင့်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကို ဩဂုတ် ၂ ရက် နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ် အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွန့်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမဆုရ မကွေးတိုင်း သရက်ချေးငွေရုံးခွဲမှ ကြီးကြပ်ရေးမှူး (ရုံးခွဲ) ဒေါ်မြမြအေး၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း မုံရွာချေးငွေရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ကြည်ကြည်နှင်း၊ တတိယဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပ(၁)ရုံးခွဲမှ ကြီးကြပ်ရေးမှူး (ရုံးခွဲ)ဒေါ်ဝင်းဝင်းမိုးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ပြီး ပြည်နယ်၊တိုင်းအသီးသီးမှ သင်တန်းသား ၃၄ဦး တက်ရောက်ကြသည်။ **(၂၅၉)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က မြင်းခြံမြို့ မဏိကဥ္စနာခန်းမပြင်ပ၌ ခင်းကျင်းပြသထားသည့် မြင်းခြံ စက်မှုဇုန်မှ ထုတ်လုပ်သော လယ်ယာသုံးထွန်စက်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့သို့ မွန်းတည့် ၁၂ နာရီတွင်ရောက်ရှိကြရာ အမှတ် (၉၉)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်နှင့် တပ်မတော်အရာရှိများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြင်း ခြံမြို့ မဏိကဥ္စနာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြင်းခြံစက်မှုဇုန်ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က မြင်းခြံခရိုင်၏ တည်နေရာ၊ လူဦးရေ၊ မြေအသုံးချမှု၊ ၂၀၀၃–၂၀၀၄ ခုနှစ် သီးနှံများ စိုက်ပျိုးထွက်ရှိမှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပန်းတိုင်အထွက်နှုန်း အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှုအခြေအနေ၊ စီးပွားရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကမြင်းခြံမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြင်းခြံခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးရန် မိမိနှင့်အတူဒေသအာဏာပိုင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မြင်းခြံခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးဖွယ်ရာများကို ယခင်ကပင် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

တည်ဆောက်ဖွင့်လှစ်ပေးထား

ဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းပြီး ဒေသအတွင်း ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် မြင်းခြံဒီဂရီကောလိပ်နှင့် မြင်းခြံစက်မှုလက်မှု သိပ္ပံတို့ကို ခံ့ညားထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည့် လမ်းများကို အဆင့်မြှင့်ခြင်း၊ အသစ်ဖောက်လုပ်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေး၊ ဒေသနေတောင်သူလယ်သမားများ၏ စီးပွားရေး၊ လူမှုရေး အခြေခံများ တိုးတက်မြင့်မားရေးတို့ကိုထိထိရောက်ရောက် အထောက်အကူပြုလျက်ရှိသည့် ဆည်တမံများနှင့် မြစ်ရေတင် စီမံကိန်းများစွာကို ရေဝတီမြစ်တစ်လျှောက် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းများ

သို့ဖြစ်၍ ယနေ့အခြေအနေတွင် နိုင်ငံတော်အစိုးရက တည်ဆောက်ဖန်တီးပေးထားသည့် ဒေသဖွံ့ဖြိုးရေးအစီအမံများကြောင့် ဒေသနေပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ စိုက်ပျိုးရေးနှင့် စီးပွားရေး အောင်မြင်ဖြစ်ထွန်းမှု၊ ပညာရေး၊ ကျန်းမာရေးအခြေခံများတိုးတက်မြင့်မားမှုအကျိုးရလဒ်ကောင်းများကို စတင်ခံစားနေကြရပြီဖြစ်ကြောင်း။

ယနေ့ခရီးစဉ်တွင်လည်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြချက်များအရ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စိစစ်ညှိနှိုင်းပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးခဲ့ကြောင်း။

ကြိုးစားဆောင်ရွက်

ဒေသခံပြည်သူများနှင့်တာဝန်ရှိသူများကလည်း နိုင်ငံတော်အစိုးရ၏ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ထိရောက် အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရေးတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး၊ ဒေသတွင်းဝမ်းစာဖူလုံရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းမည့် အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းစနစ်များ ပွဲပိုးပေးပြီး ဒေသခံတောင်သူလယ်သမားများကို စည်းရုံးဦးဆောင်သွားရန် လိုကြောင်း။

စီးပွားဖြစ်မွေးမြူ

အလားတူပင် မွေးမြူရေးကဏ္ဍတွင်လည်း ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်စေရအောင် သုတေသနပြုလုပ်ခြင်း၊ ဒေသတွင်းဖြစ်ထွန်းမည့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ၊ မွေးမြူရေး နည်းစနစ်များပွဲပိုးခြင်း၊ စံပြမွေးမြူရေးခြံများထူထောင်ခြင်းလုပ်ငန်းများကိုမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက စီမံချက်များချမှတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းက အစပြုခဲ့သည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းပြီး မြင်းခြံခရိုင်အပါအဝင် အပူပိုင်းဒေသများ စတင် စိမ်းလန်းစိုပြည်စပြုနေသည့် အခြေအနေအချိန်အခါကောင်းတွင် လုပ်ငန်းများကို အရှိန်အဟုန် ကျဆင်းမသွားရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လည်း မှာကြားလိုကြောင်း။

အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို မျက်ခြည်မပြတ်စေဘဲ ကဏ္ဍစုံမှာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လက်တွေ့ဖြည့်ဆည်းဆောင်ရွက်

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်အဆင့် တာဝန်ခံအရာရှိများတွင် တာဝန်အရှိဆုံးဖြစ်ရာ ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျေးလက်ဖွံ့ဖြိုးရေး လိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့် စွမ်းအားကို ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုများဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဏိကဥ္စနာခန်းမ ပြင်ပတွင် ခင်းကျင်းပြသထားသည့် မြင်းခြံစက်မှုဇုန်ထုတ်စက်ကိရိယာများဖြစ်သည့် သီးနှံခြွေလှေ့စက်၊ ပြောင်းရိုးစဉ်းစက်၊ အမှုန့်ကြိတ်စက်၊ ကွန်ပရက်ဆာ၊ ဒီဇယ်အင်ဂျင်နှင့် အပိုပစ္စည်းများ၊ တောင်သူသုံး ပြောင်းရိုးစဉ်းဓားခုံနှင့် အပိုပစ္စည်းများ၊ လယ်ယာသုံးထွန်စက် အသေး၊ ထယ်သွားနှင့်ထွန်တံ၊ လက်ရိုက်ကပ်မှိုဒီဇိုင်းများဖြင့် ပြုလုပ်ထားသည့် Wagonအမျိုးအစား မော်တော်ယာဉ်များ၊ မြေလတ်ဂျစ်ကားများ၊ ရေတံ့ကင်နှင့် အပိုပစ္စည်းများနှင့် လယ်ယာနှစ်မျိုးသုံး လက်တွန်းထွန်စက် စသည့် စက်ကိရိယာများ၊ မော်တော်ယာဉ်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

မြင်းခြံဒီဂရီကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံဒီဂရီကောလိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာများ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြင်းခြံဒီဂရီကောလိပ်ဒုတိယဆင့်တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း၊ Theatre ခန်းမ၊ Language Lab နှင့် Computer Training Centre စာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ရဟတ်ယာဉ်များဖြင့် ပုဂံ–ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာမကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁

ဩဂုတ် ၃ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၁၆ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက် ရှိကြသည်။

သေဆုံး

၂၀၀၄ ခုနှစ် ဩဂုတ် ၃ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၁၆ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

ယင်းအနက် ၆၈၀ မှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၀၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၇၈ဦးဖြစ်ပြီး၊ ယင်းအနက် ၅၇၁ ဦးမှာတိုက်ပွဲ၌သေဆုံး၍ ၂၀၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ပျက်စီး

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရာရှိများအား နေတိုးအဖွဲ့ လေ့ကျင့်သင်ကြားပေးမည့်အစီအစဉ် ဂျာမနီနိုင်ငံ ပါဝင်မည်မဟုတ်ကြောင်း ပြောဆို

ဘာလင် ဩဂုတ် ၃

အီရတ်အရာရှိများအား ဂျာမနီ၌ လေ့ကျင့်သင်ကြားပေးရန်အတွက် အခွင့်အလမ်းကို ဖွင့်ပေးထားခိုက်တွင် အီရတ်၌ နေတိုးအဖွဲ့က လေ့ကျင့်သင်ကြားပေးမည့်အစီအစဉ်တွင် ဂျာမနီပါဝင်မည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

အီရတ်၌ နေတိုးက လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်သည် ဩဂုတ်လဆန်း၌ စတင်မည်ဖြစ်ပြီး ဂျာမန်အစိုးရ ပါဝင်မည်မဟုတ်ကြောင်း အစိုးရအဖွဲ့ ဒုတိယ ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်စတဂ်က ဘာလင်၌ ပုံမှန်သတင်းစာရှင်းပွဲတွင် ပြောကြားသည်။

သဘောတူ

ထိုသို့ဆိုသော်လည်း အီရတ်အရာရှိများ ဂျာမနီစစ်ဘက်ဆိုင်ရာကောလိပ်များ၌ စစ်ပညာသင်ကြားခွင့်ရရှိရန်ဖြစ်နိုင်စရာရှိကြောင်း စတဂ်က ပြောကြားသည်။ အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်နှင့် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် အကူအညီပေးရန်အတွက် အီရတ်သို့အရာရှိ ၄၀ စေလွှတ်ပေးရန် နေတိုးအဖွဲ့ဝင်များက သောကြာနေ့၌ သဘောတူခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဗုံးပေါက်ကွဲရာ၌ ဒဏ်ရာရခဲ့သော ကန်တပ်ဖွဲ့ဝင် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၃

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်မြောက်ဘက်၌ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ၌ ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့၌ ပြောကြားသည်။

လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက် မြောက်ဘက်ရှိ ဆာမာရာမြို့အနီး၌ အမေရိကန် ကင်းလှည့်တပ်ဖွဲ့ဖြတ်သန်းခိုက် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ထိုပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းတိုက်ခိုက်မှု၌ တပ်ဖွဲ့ဝင်တစ်ဦးမှာ ဦးစွာသေဆုံးခဲ့ပြီး ဒုတိယ တပ်ဖွဲ့ဝင်မှာ ရရှိသောဒဏ်ရာဖြင့် နောက်ပိုင်း၌ သေဆုံးသည်ဟု သိရသည်။ တတိယတပ်ဖွဲ့ဝင်ကိုမူ အမေရိကန် ဆေးရုံသို့တင်ပို့ခဲ့ရာ အခြေအနေကောင်းသည်ဟု ဆိုသည်။

သေဆုံးမှု

၂၀၀၃ခုနှစ် မတ်လမှစတင်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို စစ်ပွဲဆင်နွှဲခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော တပ်ဖွဲ့ဝင်ဦးရေမှာ ဩဂုတ်လ ၂ရက် တနင်္လာနေ့ရောက်ချိန်၌ ၉၁၂ဦး ရှိသွားခဲ့ပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ရှိ ကန်တပ်ဖွဲ့များအတွက် သယ်ပို့ပေးမှုများ တူရကီယာဉ်မောင်းများ မလုပ်ဆောင်တော့

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံ၌ စီးပွားရေးဆောင်ရွက်နေသော တူရကီထရပ်ကားလုပ်ငန်းကုမ္ပဏီမှ တူရကီထရပ်ကားယာဉ်မောင်းများသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်း သယ်ယူပို့ဆောင်ပေးမှုများ မပြုလုပ်တော့ကြောင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးအဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။

မသိရသေး

တူရကီစားစာခံတစ်ဦး သတ်ဖြတ်ခြင်းခံရသော ရုပ်ပုံပါဗီဒီယိုကို ဝက်ဘ်ဆိုဒ်တစ်ခုမှ သတင်းထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ယခုလိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဤအတောအတွင်း အီရတ်လက်နက်ကိုင်များ ဖမ်းဆီးခြင်းခံထားရသော လက်ဘနွန်လူမျိုး စီးပွားရေးသမား ဗလာဒီမီယာဒါနားဆိုသူစားစာခံတစ်ဦးကို အီရတ်တပ်ဖွဲ့များနှင့် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များက ကယ်တင်နိုင်ခဲ့သည်။ ဘဂ္ဂဒက်မြို့၌ ဒါနားနှင့်အတူ ဖမ်းဆီးခြင်းခံခဲ့ရသော အခြားစီးပွားရေးသမားတစ်ဦး၏ ကံကြမ္မာကို မသိရှိရသေးဟုဆိုသည်။ **(စီအင်န်အင်န်)**

၂၀၀၆ ခုနှစ်ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး အိန္ဒိယ လက်ခံကျင်းပမည်

ဗန်ကောက် ဩဂုတ် ၃

အာရှ ခုနစ်နိုင်ငံအုပ်စုဖြစ်သော ဘင်းမ်စတက်၏ ၂၀၀၆ခုနှစ် ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပသွားရန် အိန္ဒိယနိုင်ငံတွင် စနေနေ့၌သဘောတူလိုက်ကြောင်း ပီတီအိုင်သတင်းဌာနက ယနေ့ သတင်းဖော်ပြသည်။

ကျင်းပ

အဖွဲ့ဝင် နိုင်ငံများအားလုံး၏ မေတ္တာရပ်ခံချက်အရ ထို့သို့ လက်ခံကျင်းပခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက သတင်းစာရှင်းပွဲ၌ ပြောဆိုသည်။

ယခုနှစ်နောက်ပိုင်း၌ အဆင့်မြင့်အရာရှိများနှင့် ဝန်ကြီးအဆင့်တွင် လုပ်ဆောင်ရန် လုပ်ငန်းဆောင်တာအများအပြားလိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

ဒုံးကျည်ထိမှန်

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာ ဒုံးကျည်ထိမှန်သဖြင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဇူလိုင် ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှု တန်ပြန်ရေး ပူးတွဲလုပ်ငန်းအုပ်စု ထူထောင်သွားရန် ဘင်းမ်စတက် ဆုံးဖြတ်

ဗန်ကောက် ဩဂုတ် ၂

နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းဖြစ်ပွားမှုများ၏ ခြိမ်းခြောက်မှုများ ဆက်လက်တိုးပွားလာခြင်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်းခဲ့ကြသည့် အိန္ဒိယနှင့် အခြားအာရှခြောက်နိုင်ငံက အကြမ်းဖက်မှုတန်ပြန်ရေး ပူးတွဲလုပ်ငန်းအုပ်စုကို ထူထောင်ရန် စနေနေ့က ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ အကြမ်းဖက်မှုတန်ပြန်ရေး ပူးတွဲလုပ်ငန်းအုပ်စု ထူထောင်ခြင်းသည် အကြမ်းဖက်မှု၏ ခြိမ်းခြောက်မှုကို နှိမ်နင်းရာတွင် အရေးကြီးသော ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟု အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် စည်းလုံးညီညွတ်စွာ လက်တွဲသွားကြရန်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ မိတ်ဆွေနိုင်ငံများ၏ အစိုးရအဖွဲ့များအား တိုက်ခိုက်ရန်အတွက် အကြမ်းဖက်သမားများအား မိမိတို့၏ နယ်မြေပိုင်နက်ကို အသုံးပြုခွင့်ပေးမည် မဟုတ်ကြောင်းလည်း အဖွဲ့ဝင်နိုင်ငံများက ကတိပြုထားကြသည်။ **အမ်အင်အေ၊ပီတီအိုင်**

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ နာဂျက်ဖ်မြို့၌ ကန်တပ်ဖွဲ့ဝင်များအားတိုက်ခိုက်

နာဂျက်ဖ် ဩဂုတ် ၃

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင်ရှိသော ခုခံတိုက်ခိုက်ရေးပြောက်ကျားခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ အိမ်အနီးသို့ တနင်္လာနေ့ ညနေပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ ချဉ်းကပ်ခဲ့ပြီးနောက် ဆာဒါ၏ ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြန်လှန်ပစ်ခတ်

ဆာဒါ၏ပြောက်ကျားအဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များအား ပြန်လှန်ပစ်ခတ်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆာဒါ၏အိမ်အား ဝိုင်းထားခဲ့ကြကြောင်း ဆာဒါ၏ပြောခွင့်ရှိသူ ရှိခ်မာမွဒ်အယ်လ်ဆူဒါနီက ပြောကြားသည်။

သေဆုံး

ဆာဒါသည် ဧပြီလထဲ၌ အမေရိကန်တပ်ဖွဲ့ဝင်များကို စတင်ခုခံတိုက်ခိုက်ခဲ့ပြီး အပစ်ရပ်စဲရေးသဘောတူချက်မရမီ သီတင်းပတ်များအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်များအား တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗုံးခွဲမှုများနှင့်လုပ်ကြံသတ်ဖြတ်မှုများကြောင့် အီရတ်နိုင်ငံအတွင်း၌ စိုးရိမ်ပူပန်မှုများတိုးပွားလာ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် မိုဆူးလ်မြို့တို့ရှိ ယမန်နေ့က တစ်ပြိုင်နက် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်ပြီး ထိပ်တန်း အီရတ် ခေါင်းဆောင်တစ်ဦးက ပြစ်တင်ရှုတ်ချလိုက်သည်။

ဘဂ္ဂဒက်၌ ဖြစ်ပွားသော ကားဗုံး ပေါက်ကွဲမှုလေးခုနှင့် မိုဆူးလ်၌ ဖြစ်ပွားသော ကားဗုံး ပေါက်ကွဲမှုတို့ကြောင့် အနည်းဆုံး လူခုနစ်ဦး သေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ရာတွင် ဒဏ်ရာပြင်းထန်သူများလည်း ပါဝင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းပေါက်ကွဲမှုများကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့သည်ကို မသိရှိရသေးသော်လည်း ဇာကာဝီနှင့် ဆက်စပ်သော အုပ်စုများက ဆောင်ရွက်ဖွယ်ရှိကြောင်း အပြစ်တင်နေကြသည်။

ဗုံးများဖြင့် တိုက်ခိုက်ရာတွင် နာရီဝက်ခန့်အတွင်း တစ်ပြိုင်တည်း ဆောင် ရွက်ခဲ့မှုကို ကြည့်ခြင်းအားဖြင့် စနစ်တကျ အစီအစဉ်ရေးဆွဲခဲ့ပုံရကြောင်း သုံးသပ်ကြသည်။ ဘာသာမျိုးစုံ ကိုးကွယ်ကြသည့် အီရတ် နိုင်ငံအတွင်း ယခုကဲ့သို့ တိုက်ခိုက်မှုများသည် လူမျိုးစုများအကြား စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်စေနိုင်ကြောင်းလည်း ဝေဖန်နေကြသည်။ လတ်တလောကာလ၌ ဗုံးခွဲတိုက်ခိုက်ခံရသော်လည်း ပြီးခဲ့သည့်လများက အီရတ်ခေါင်းဆောင်များနှင့် လူမျိုးစုများအား ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုများ တိုးပွားလာကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်ရှိယူကရိန်းတပ်ဖွဲ့ဝင်အင်အား လျှော့ချရန်ဝန်ကြီးချုပ်တိုက်တွန်း

ကီယက်ဗ် ဩဂုတ် ၃

ယူကရိန်းဝန်ကြီးချုပ် ဗစ်တာ ယာနူကိုဗစ်ချ်သည် အီရတ်တွင်ရှိသော ယူကရိန်းတပ်ဖွဲ့ဝင်များ အရေအတွက်ကို လျှော့ချရန် တနင်္လာနေ့က တိုက်တွန်းတောင်းဆိုခဲ့ရာ အီရတ်၌ တပ်ဖွဲ့ဝင် အင်အားတိုးလိုသော ထိပ်တန်း ကာကွယ်ရေး အရာရှိများ သဘောထားကို ပြောင်ပြောင်တင်းတင်းပင် ဆန့်ကျင်ခဲ့သည်။

ဝန်ကြီးချုပ်၏ ကြေညာချက်သည် သဘောကွဲလွဲမှုနက်ရှိုင်းခြင်းကို ထင်ဟပ်စေခဲ့ပြီး အောက်တိုဘာ ၃၁ ရက်၌ကျင်းပမည့် သမ္မတရွေးပွဲတွင် အဓိကပြဿနာဖြစ်လာဖွယ်ရှိသည်။

စေလွှတ်ထား

ယူကရိန်းနိုင်ငံသည် အီရတ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်များ စစ်ပွဲဆင်နွှဲခြင်းအား ဆန့်ကျင်ခဲ့သော်လည်း နောက်ပိုင်း၌ စစ်ပြီးကာလ အီရတ် လုံခြုံရေးကြိုးပမ်းမှုအတွက် တပ်ဖွဲ့ဝင်အများဆုံး လွှတ်ပေးသော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အီရတ်သို့ ယူကရိန်းတပ်ဖွဲ့ဝင် ၁၅၇၆ဦး စေလွှတ်ထားရာ စတုတ္ထ အများဆုံး တပ်ဖွဲ့ဝင်စေလွှတ်သည့်နိုင်ငံ ဖြစ်သည်။

စတင်မည်

တနင်္ဂနွေနေ့၌ ကာကွယ်ရေးဝန်ကြီး ယဲ့ဗ်ဟင်မာချပ်ခ်က အီရတ်၌ အလှည့်ကျတာဝန်ယူမည့် တပ်မတစ်ခုကို စက်တင်ဘာလ၌ စတင် ပို့လွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာကူဘာမြို့ ရဲစခန်းတစ်ခု ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသော အဆောက်အအုံအနီးတွင် စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့များနေရာတွင် အာရပ်တပ်ဖွဲ့ဝင်များချထားမည့်အစီအစဉ်အီရတ်တို့ သဘောတူညီရမည်

ဂျက်ဒါ ဩဂုတ် ၃

အီရတ်၌ မွတ်စလင်နှင့် အာရပ်တပ်ဖွဲ့ဝင်များ တစ်စုံတစ်ရာဖြန့်ချမှုသည် အီရတ်တို့အားလုံး၏သဘော တူညီမှုရှိရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ စီမံအုပ်ချုပ်မှုအောက်တွင် လုပ်ငန်းဆောင်ရွက်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များနေရာ၌ အစားထိုး ရမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက စနေနေ့၌ ပြောကြားလိုက်သည်။

ပြီးခဲ့သည့်အပတ်က ထုတ်ဖော်အသိပေးခဲ့သော ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုပြုချက်တွင် အီရတ်အစိုးရသစ်ရွေးချယ်မှုအပါအဝင် အီရတ်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်ကို ကုလသမဂ္ဂကကြီးကြပ်ဆောင်ရွက်ရမည်ဟု စည်းကမ်းသတ်မှတ်ထားကြောင်းလည်း သတင်းထောက်များအား ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ပြောကြား

ယင်းအာရပ်နှင့် မွတ်စလင်တပ်ဖွဲ့များသည် တိုက်ခိုက်ရေး သို့မဟုတ် ကျူးကျော်ရေးတပ်ဖွဲ့ဝင်များ မဟုတ်ကြောင်း၊ အီရတ်ပြည်သူများအား အကူအညီပေးမည်ဖြစ်ကြောင်း၊ သို့မှသာ အီရတ်ပြည်သူများ၏ ဘဝသည် ပုံမှန်ပြန်ဖြစ်မည်ဖြစ်ကြောင်း အစီအစဉ်နှင့်ပတ်သက်၍ အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူး အမ်ရာမူဆာနှင့် ဆွေးနွေးအပြီး၌ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တုံ့ပြန်

ယခုအဆိုပြုချက်သည် အီရတ်မှ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ထွက်သွားရန် မွတ်စလင်နိုင်ငံများ၏ တောင်းဆိုချက်ကို တုံ့ပြန်ခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပြန်ရရေးအတွက် ဆော်ဒီနိုင်ငံ၏ အကူအညီ အစိတ်အပိုင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆော်ဒီ၏ အဆိုပြုချက်သည် အီရတ်၌ ဖြစ်ပေါ်နေသော မငြိမ်သက်မှုများအား နှိမ်နင်းရန်အတွက် ပါကစ္စတန်၊ မလေးရှား၊ အယ်လ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် မော်ရိုကို တပ်ဖွဲ့ဝင်များအတွက်ဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံခြားရေး ဝန်ကြီးက အီရတ်သို့ မိမိနိုင်ငံ၏ တပ်ဖွဲ့ဝင်များလွှတ်ရန် မရည်ရွယ်ကြောင်း ပြောကြားခဲ့ပြီး လစ်ဗျားခေါင်းဆောင်က အကယ်၍ အပေါင်းပါတပ်များ ဦးစွာရုပ်သိမ်းလျှင် ဆော်ဒီ၏ အဆိုပြုချက်သည် ဆောင်ရွက်ဖြစ်နိုင်စရာရှိကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အိမ်ပျက်စီး

ဘဂ္ဂဒက်မြို့ အမေရိကန်စစ်အခြေစိုက်စခန်းအနီး ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသောအိမ်အား အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဇူလိုင် ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ကမ္ဘာလှည့်ခရီးသည်များအား ပိုမိုဆွဲဆောင်ပြီး ကုန်သွယ်မှုတိုးမြှင့်ရန် ဖိလစ်ပိုင်စိတ်အားထက်သန်နေ

မနီလာ ဩဂုတ် ၂

အလုပ်အကိုင်များကို ဖန်တီးပေးပြီး အခြေခံအဆောက်အအုံများကို တိုးတက်အောင်ဆောင်ရွက်ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကို တိုးမြှင့်ပြီး တရုတ်ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်သွားရန် ဖိလစ်ပိုင်နိုင်ငံက စိတ်အားထက်သန်နေကြောင်း နိုင်ငံခြားရေး ဝန်ကြီး ဒီလီယာအယ်လ်ဘတ်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးရာဝန်ကြီးဌာနသည် သမ္မတဂလိုရီယာမယ်ဂါပါဂါလ် အာရိုယိုချမှတ်ပေးသော စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအကြောင်းအရာ ၁၀ချက် ပြီးမြောက်စေရန်အတွက် အစီအစဉ်များ ဦးတည်ချက်ကို စတင်ပြင်ဆင်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒီလီယာ၏ ပြောဆိုချက်ကို ဖိလစ်ပိုင်သတင်းဌာန ပီအင်အေက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၃ ရက်က ပုဂံခေတ် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်း တော် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က မြင်းခြံမြို့ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ နည်းပြဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာများ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံ–ညောင်ဦးလေဆိပ် တိုးချဲ့ဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံ–ညောင်ဦးလေဆိပ် တိုးချဲ့ဆောင် ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းခန်းမ၌ ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇက ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် အညီ စီစဉ် တည်ဆောက်နေမှု၊ အောက်ခံ ပုဂံမှုပုံစံဖြင့် အချင်း ၁၃၈ပေ ပတ်လည်ရှိပြီး ဘုံဆင့်အပါအဝင် အမြင့် ၁၉၈ပေရှိ အထပ် ၁၄ ထပ်ပါ ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေ၊ မျှော်စင်၏ အောက်ခြေ Steel Structure လုပ်ငန်းများ၊ အောက်ခံ ပုဂံမှုပုံစံလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အချိန်မီတည်ဆောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နန်းမြင့်မျှော်စင်ကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ဆောက်သည်ဖြစ်ရာ ပုဂံယဉ်ကျေးမှု အငွေ့အသက်များဖြင့် မြန်မာမှုပီသစွာ ဖော်ညွှန်း တည်ဆောက်ရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံခေတ် အနော်ရထာ မင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က နန်းတော်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ကြငှန်းတိုင်သုံးတိုင် စိုက်ထူမှုမင်္ဂလာအခမ်းအနားကို ရှေးနန်းမှု နန်းရာ အစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့မှု၊ ကျန်လုပ်ငန်းများကိုလည်း မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထူးထရေးဒင်းကုမ္ပဏီမှ ဗိသုကာပညာရှင် ဦးသော်က ပုဂံ အနော်ရထာမင်းတရားကြီး၏ နန်းတော်တည်ဆောက်ရေးစီမံကိန်းတည်ဆောက်မှုလုပ်ငန်း တိုးတက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင်တမ္ပဝတီ ဦးဝင်းမောင်က ပုဂံနန်းတော်တွင် တပ်ဆင်မည့် မြန်မာမှုများကို ပုဂံခေတ် ကနုတ်ပန်း ပုံစံများဖြင့် တပ်ဆင် တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ်ပြန်လည်ရှင်းလင်းမှာကြားပြီး ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံ ရွှေနန်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်လျက်ရှိသည်နှင့်အညီ ဆရာတော်ကြီးများ၏ ဘာသာရေးဆိုင်ရာ ဩဝါဒများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ မြန်မာမင်းများ၏ ရွှေနန်းတည်စာတမ်းများပါ ထီးမှုနန်းဟန် အစဉ်အလာများနှင့် ညီညွတ်စေရန် အလေးထားဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နန်းတော်ပုံစံငယ်နှင့် နန်းတော်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာဟောင်း တူးဖော်မှု လုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တူးဖော်တွေ့ရှိသော အနော်ရထာမင်းတရားကြီး၏ နန်းတော်အုတ်ရိုးဟောင်းများကို အမိုးပါသော အဆောင်ဖြင့် ထိန်းသိမ်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ နန်းတော်ရာတူးဖော်ရာမှ တွေ့ရှိသော အိုးခြမ်းကွဲများကို ဓာတုနည်းဖြင့် သန့်စင်၍ ကြာရှည်ခံအောင် ထိန်းသိမ်းမှုလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

စနစ်တကျထိန်းသိမ်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်းနန်းတော်ရာဟောင်း ရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် Site Museum တစ်ခုအဖြစ် ထိန်းသိမ်း ပြသနိုင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်၏ အဆင့်မြင့်ဟိုတယ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်က အဆင့်မြင့်ဟိုတယ် အဆောက်အအုံများ တည်ဆောက်သွားမည့်အစီအစဉ်များ၊ ဟိုတယ်ပုံစံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟိုတယ် အဆောက်အအုံများ တည်ဆောက်ရာတွင် ပတ်ဝန်းကျင်ရှိ သာသနိကအဆောက်အအုံများ၏ တင့်တယ်မှုကို မထိခိုက် မပျက်ယွင်းအောင်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်သွားရေး မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က မြင်းခြံမြို့ မဏိကဗ္ဗနာခန်းမ၌ မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)အတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

၂၀၀၄–၂၀၀၅ ပညာသင်နှစ်

ပညာ **ကျောင်းကျန်းမာရေးသီတင်းပတ်** ပညာ

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ်၃ရက်က ပုဂံမြို့ ဓမ္မရာဇကစေတီတော်ကို ဖူးမြော်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဝါဆိုသင်္ကန်းတော် ကပ်လှူပူဇော်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ညောင်ဦးရိပ်သာသို့ရောက်ရှိကြသည်။

ကပ်လှူပူဇော်

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ အနောက်ဖွားစောရှာ အနီးရှိ ဓမ္မရာဇက စေတီတော်သို့ သွားရောက်ဖူးမြော်သည်။ ရှေးဦးစွာ စေတီတော်အား လက်ျာရစ်လှည့်လည် ကြည်ညိုကာ စေတီတော် အရှေ့ဘက် မုခ်အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအားပန်း၊ ဆီမီး၊ရေချမ်းနှင့် ဝါဆိုသင်္ကန်းတော်များ ကပ်လှူပူဇော်သည်။

ဓမ္မလက်ဆောင်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဓမ္မရာဇက စေတီတော်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗုဒ္ဓရုပ်ပွားတော်မြတ် နှစ်ဆူကို ပူဇော်ရန် ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ ညောင်ဦးရိပ်သာသို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၈-၂၀၀၆

မင်္ဂလာဒုံ	၁ ဒသမ ၇၃ လက်မ
ကမ္ဘာအေး	၁ ဒသမ ၄၂ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၅၇ လက်မ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၄

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။ ဩဂုတ် ၅ ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅ မိုင်အထိ တိုက်ခတ်မည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးစာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၄

ဗိုလ်မှူးကြီးစန်းပွင့် ရေးသားပြုစုသော ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးအမည်ရှိ တပ်မတော်ခေါင်းဆောင်များ၊ သံတမန်တာဝန်ထမ်းဆောင်သူများ၊ စုံစမ်းထောက်လှမ်းမှုဆိုင်ရာ တာဝန်ထမ်းဆောင်ရသူများ အနေဖြင့် အထူးအလေးထားဖတ်ရှုသင့်သောရှေးဟောင်း သမိုင်းသုတေသနစာအုပ် တစ်အုပ်ကို ၂၀၀၄ ခုနှစ် ဇူလိုင်လရက်စွဲ စာမူခွင့်ပြုချက် အမှတ်-၄၉/၂၀၀၄(၅) ဖြင့် ထုတ်ဝေခဲ့ပြီး စမ်းရေကြည်စာပေတစ်ဆင့် ဖုန်း-၂၇၉၈၁၇က ဖြန့်ချိထားကြောင်း သိရသည်။

(ယာပုံ) (က-ပ)

တီဘီရောဂါတိုက်ဖျက်ရေးရန်ပုံငွေစီမံချက် အထောက်အပံ့သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့ (GFATM)က တီဘီရောဂါတိုက်ဖျက်ရေး ရန်ပုံငွေစီမံချက်အထောက်အပံ့အတွက် သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားပြီး သဘောတူ လက်မှတ်ရေးထိုးသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ AIDS၊ တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် Mr. Charles James Petrie၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Ms. Carroll C. Long၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများဖြစ်သော ပြင်သစ်၊ အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ နော်ဝေးနှင့် ကနေဒါနိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Charles James Petrie က မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါဆိုးကြီး သုံးမျိုးတိုက်ဖျက်ရန် ငါးနှစ် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၈ဒသမ၅သန်းကို အလှူရှင်နိုင်ငံများက (GFATM) မှတစ်ဆင့်ပေးရန် သဘောတူပြီးဖြစ်ကြောင်း၊ ယခု သဘောတူလက်မှတ်ရေးထိုးပွဲသည် တီဘီရောဂါတိုက်ဖျက်ရန် ပထမ(၂)နှစ်အတွက် အမေရိကန်ဒေါ်လာ ၇ သန်းပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် World Vision International (WVI)မှ ဌာနေကိုယ်စားလှယ် Mr. R. Walker တို့က လူမှုရေးအသင်းအဖွဲ့များကိုယ်စား လက်မှတ်ရေးထိုးကြပြီး သဘောတူ လက်မှတ်များကို အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၄

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)က ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော နတ်မောက်မြို့နယ် ဇာတိဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း သာစုကျောင်းတိုက်တွင် ပြုလုပ်မည်ဖြစ်သည်။

အသင်းဝင်များနှင့် နတ်မောက်မြို့နယ်သူ မြို့နယ်သားများ ကြည်ညိုသဒ္ဓါပွားများပြီး သင်္ကန်းအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသ ဖုန်း-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁ နှင့် ဦးဉာဏ်ရွှင် (ဥပဒေရုံး) ဖုန်း-၅၈၄၀၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အနုတ္တလက္ခဏာသုတ်တရားတော် အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဩဂုတ် ၄

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် (ဩဂုတ်၅ရက်) ကြာသပတေးနေ့ နံနက် ၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရအမှူးပြုသော ဆရာတော် ငါးပါးတို့က **"အနတ္တလက္ခဏသုတ် တရားတော်"**နှင့် **"အနတ္တလက္ခဏသုတ် ပါဠိတော်များ"**ကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော် အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၏ မူလပဓာနနာယကဆရာတော်ကြီးအား ရည်စူး၍အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ယောဂီများဝတ်စုံလှူဒါန်းပွဲကို ဇူလိုင်၃၁ရက်က ကျောင်းတိုက်ကြီး၌ ကျင်းပရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘအမှူးရှိသော သံဃာတော်များထံ တပည့်ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ဧရာဝတီမြစ်ရေဆက်လက်ကျဆင်းနေ

ရန်ကုန် ဩဂုတ် ၄

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် နှစ်ပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေ သည် ဆက်လက်ကျဆင်းနေပြီး ယနေ့ မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် လေးပေခန့်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်ခုနစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

World Breastfeeding Week

(၁-၈-၂၀၀၆ မှ ၇-၈-၂၀၀၆)

လုံခြုံပြည့်ဝ စိတ်ချရေး

မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး

Exclusive Breastfeeding: the Gold Standard
Safe,Sound, Sustainable

ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဆင်း အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းအခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် ပဓာနအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ကျောင်းသူ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံ့အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် လွန်စွာမှ အရေးပါလှသည့် အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြု ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများ အားလုံး စိတ်အေးချမ်းမြေ့စွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာ နေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံပေါင်း ၁၆၂ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် မြစ်ရေတင်စီမံကိန်း ၂၆၅ ခုကို တစ်ပါတည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်နေဆဲ စီမံကိန်းများလည်း အများအပြားပင်ရှိနေရာ ဆင့်ကဲဆင့်ကဲအကောင်အထည်ပေါ်လာဦးမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်တွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများ အပါအဝင် တစ်နိုင်ငံလုံး၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် လမ်းမိုင်ပေါင်း ၅၀၀၀ နီးပါး တိုးတက်လာခဲ့ပြီး လက်ရှိခရီးလမ်း မိုင်ပေါင်း ၁၈၆၀၀ နီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံး၌ လမ်းမကြီးများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် ကွန်ရက်သဖွယ် ရက်ဖောက်ဆက်သွယ်ဖောက်လုပ်ပေးခဲ့သည့်အတွက် မြစ်ကူးတံတားကြီးများ အပါအဝင် တံတားအကြီးစားပေါင်း ၁၇၂ စင်း တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း။

ဆောင်ရွက်နေဆဲ

ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာ ရှိခဲ့ရာက ယခုဆိုလျှင် ရထားလမ်းမိုင်ပေါင်း၃၀၀၀နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ သံလမ်းအသစ်များ၊ ဇလီဖားတုံးအသစ်များ အစားထိုးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရထားစက်ခေါင်းအသစ်များ၊ လူစီးတွဲအသစ်များ အစားထိုးရေး၊ မီးရထားစက်ခေါင်းပြင်အလုပ်ရုံများ၊ တွဲပြင်အလုပ်ရုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း မိတ်ဆွေနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နေဆဲလည်းဖြစ်ကြောင်း။

လေယာဉ်ကွင်းများအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က မြန်မာ့လေကြောင်းမှ အသုံးပြုသည့် လေယာဉ်ကွင်း ၂၁ ကွင်းသာ ရှိခဲ့ရာက ယခုဆိုလျှင် နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး အပါအဝင် လေယာဉ်ကွင်း ၂၉ကွင်းရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖော်ကာ ၂၈နှင့် ဘိုးရင်း ၇၃၇လေယာဉ်များဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများဖြစ်ကြောင်း။

တိုးမြှင့်ပေးနိုင်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုနှင့် ပတ်သက်ပြီးလည်း ၁၉၈၈ခုနှစ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၁၄ခု ကနေ ၂၂၈မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်ခဲ့ရာက ယခုအခါတွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ခု တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးမြှင့်ပေးနိုင်ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၀နီးပါး ပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ခေတ်ကာလတွင် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်ခဲ့သည့်အတွက် ယခုအခါတွင် ဓာတ်ငွေ့သုံး စက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါးထုတ်လုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် လက်ရှိတွင် ရေအားလျှပ်စစ်နှင့်ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၂ခုပြီးစီး၍ မဂ္ဂါဝပ် ၂၆၀၀ ကျော်ထပ်တိုးပေးနိုင်ခဲ့လျှင် စုစုပေါင်းမဂ္ဂါဝပ် ၃၀၀၀ကျော်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် ပေါင်းလောင်းရေအားလျှပ်စစ်နှင့် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတို့ ပြီးစီးတော့မည်ဖြစ်ကြောင်း။

နယ်စပ်အထိဖြန့်ကြက်

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ဆိုလျှင်လည်း ယခင်က ဆေးရုံအကြီး၊ အလတ်၊ အသေးပေါင်း ၆၁၇ ရုံသာရှိခဲ့ရာက ယခုဆိုလျှင် ခုတင်(၃၀၀)၊ ခုတင်(၂၀၀)၊ ခုတင်(၁၀၀)၊ ခုတင်(၅၀)၊ (၂၅) ခုတင်၊ (၁၆)ခုတင်တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့မှုများကြောင့် စုစုပေါင်း ဆေးရုံပေါင်းသည် ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်ဆိုလျှင်လည်း ယခင်ကတက္ကသိုလ်၊ ကောလိပ် ၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် ၁၅၆ ခုရှိလာပြီဖြစ်သကဲ့သို့ ယခင်က အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာက ယခုဆိုလျှင်အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ခြင်းကြောင့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လာနိုင်နေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ ၁၅နှစ်ကျော် ၁၆နှစ်နီးပါးမျှ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်အကျိုးရလဒ်ကောင်းများ များစွာဖြစ်ထွန်းနေပြီဖြစ်သော်လည်း နိုင်ငံတော်တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်များ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့် ပြည်သူတက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်ဖြစ်ထွန်းရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍကပူးပေါင်းပါဝင်

- ✪ နိုင်ငံတော်တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်များ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူတက်ညီလက်ညီဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်၊
- ✪ မွန်မြတ်မြင့်မားသော အမျိုးသားပညာရေးမျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍက တာဝန်ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားဖွယ်ရာလုပ်ငန်းများ များစွာရှိနေဆဲဖြစ်၊
- ✪ ယနေ့နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် ICT နည်းပညာရပ်များအပါအဝင် သိပ္ပံနှင့်နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ်ကိုမျှော်မှန်းသည့် ရည်မှန်းချက်များထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ၊
- ✪ ICT နည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့်နည်းပညာရပ်များ၊ လေ့လာမှုနည်းစဉ်များ၊ လူထုဆက်ဆံရေးကိရိယာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့်အဆင့်ကိုရောက်အောင် အပြေးအလွှားကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီ၊
- ✪ ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့၌ ICT-Park များအသီးသီး ဖွင့်လှစ်ပေးထားပြီး ICT နည်းပညာ အခြေခံသောဝန်ဆောင်မှုများ၊ ခေတ်မီဆက်သွယ်ရေးကွန်ရက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးထားနိုင်နေပြီ၊
- ✪ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မိမိတို့ ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးလိုအပ်၊
- ✪ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းစေရအောင်အမျိုးသားရေး စိတ်ဓာတ်နှင့်ပြည်ထောင်စု စိတ်ဓာတ်တို့ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတွင်ပင်မဒေါက်တိုင်တစ်ခု ဖြစ်သည့်ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေးမျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍက တာဝန်ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားဖွယ်ရာလုပ်ငန်းများ များစွာရှိနေဆဲဖြစ်ကြောင်း။

အဓိကအားဖြင့် ယနေ့နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် ICT နည်းပညာရပ်များအပါအဝင် သိပ္ပံနှင့်နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ်ကို မျှော်မှန်းသည့် ရည်မှန်းချက်များထားရှိပြီး နိုင်ငံတော်အစိုးရ အနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သာဓကအနေဖြင့် ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်မှာ နှစ်ပေါင်း ၂၀-၂၅နှစ် ခန့်ရှိခဲ့ပြီဖြစ်သော်လည်း ယခင်ခေတ်ကာလက ပညာရှင်လောက၌ပင် ရပ်တန့်နေခဲ့ပြီး ဆက်လက်ပညာဖြန့်ဝေမှု သုတေသနပြုမှုများအပိုင်းထိ မရောက်တော့ဘဲ အချိန်ကုန်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုဆိုလျှင် ICT နည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်များ၊ လေ့လာမှုနည်းစဉ်များ၊ လူထုဆက်ဆံရေးကိရိယာများအဖြစ်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့်အဆင့်ကို ရောက်အောင် အပြေးအလွှားကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ယနေ့အခြေအနေတွင် အခြေခံပညာကျောင်းများက စတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ ICT နည်းပညာအခြေခံသော Learning Centre များ၊ Resource Centre များ ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သည့်အပြင် တက္ကသိုလ်အဆင့်များ၌ e-Library များ၊ Internet နှင့် Intranet Network များ၊ Video Conferencing System များ၊ Web- based Teaching System များ တည်ရှိနေခဲ့ပြီဖြစ်သည့်အတွက် e- Education စနစ် တစ်ရပ် စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ အားပေးထောက်ကူမှုနှင့် ပုဂ္ဂလိကကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ICT -Park များအသီးသီး ဖွင့်လှစ်ပေးထားပြီး ICT နည်းပညာ အခြေခံသော ဝန်ဆောင်မှုများ၊ ခေတ်မီဆက်သွယ်ရေးကွန်ရက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးထားနိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် e-Passport,e-Visa နှင့် Smart Card စနစ်များ၊ e-Commerce နှင့် e-Government စနစ် တည်ဆောက်မှုများ စသည့် နိုင်ငံတကာ အဆင့်မီအုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အပြုသဘောပူးပေါင်း

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံ အမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများ တိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရအောင် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အရေးကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ပေါင်းစည်းလက်တွဲနေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင်ပေါင်းစည်း ဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီး၌ စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီဖြစ်ကြောင်း။

အထူးလိုအပ်

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် တက္ကသိုလ် ဆရာ ဆရာမများအားလုံးက အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာ အခန်းကဏ္ဍကပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ယနေ့လူငယ်များ အသိအမြင်ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့် ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကာကွယ် နိုင်မည်ဖြစ်သည်ဆိုသည့် သဘောထားခံယူချက်ထားရှိပြီး ယနေ့ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ထက်သန်ခိုင်မာစွာ ဖြင့်ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

အောင်လက်မှတ်ပေးအပ်

ထို့နောက် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာဆရာမများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(ဒီ-၁၀၈)၊ ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ နည်းပြ ဦးစန်းယုအောင်အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ်(ဘီ-၁၁၈)ပညာရေးဝန်ကြီးဌာန ရတနာပုံတက္ကသိုလ် ဘူမိဗေဒပညာဌာနမှ သရုပ်ပြ ဒေါ်ယဉ်ကေသွယ်ထွန်းအား လည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(ဒီ-၆) သမဝါယမဝန်ကြီးဌာန စစ်ကိုင်းသမဝါယမကောလိပ် စီမံခန့်ခွဲမှုပညာဌာနမှ အကြီးတန်းနည်းပြ ဦးဇော်ဝင်း၊ သင်တန်းသူအမှတ်(ဘီ-၁၅၃) သမဝါယမဝန်ကြီးဌာန မန္တလေး သမဝါယမကောလိပ် သမဝါယမဘာသာရပ်ဌာနခွဲမှ လက်ထောက်ကထိက ဒေါ်အုန်းမြင့်နှင့် သင်တန်းသူအမှတ်(ဘီ-၄၉) မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ပျဉ်းမနား ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဆေးပညာဌာနမှကထိကဒေါ်ငွေးရှင်တို့အားလည်းကောင်း ပေးအပ်သည်။

အဆောင်စံပြဆု

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆောင်စံပြဆုကို အမျိုးသားတပ်ခွဲ(၁) အဆောင်(၃)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၁) အဆောင်(၇)မှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံ အလှူရှင် ပြင်ဦးလွင်မြို့ စိုးစံလေ့ကျင့်ရေးစခန်းမှ ဗိုလ်မှူးမောင်လတ်(အငြိမ်းစား)၊ ဇနီး ဒေါ်နန်းယဉ်ယဉ် မိသားစုက ပညာသင်ထောက်ပံ့ငွေအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သင်တန်းသူများအား လည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများက လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ် နှစ်သောင်း၊ စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံတည်ဆောက်ရေးအတွက် အလှူငွေကျပ် တစ်သောင်း၊ ပုဂံရှေးဟောင်း ဘုရားပုထိုးများပြုပြင် ထိန်းသိမ်းရန်အတွက် အလှူငွေကျပ် တစ်သောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် ငွေကျပ် ငါးထောင်နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေကျပ် ငါးထောင် စုစုပေါင်းအလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားမစတင်မီ ပညာရေးအလှူငွေပေးအပ်ပွဲအစီအစဉ်ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပင်မဆောင် ဧည့်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင် ပြင်ဦးလွင်မြို့ စိုးစံလေ့ကျင့်ရေးစခန်းမှ ဗိုလ်မှူးမောင်လတ်(အငြိမ်းစား)၊ ဇနီး ဒေါ်နန်းယဉ်ယဉ် မိသားစုက မြန်မာနိုင်ငံပညာရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀ နှင့် ပညာသင်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများအားလုံး စိတ်အေးချမ်းမြေ့စွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာ နေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံ အမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများ တိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရအောင် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၆)

"ဘုံခလေ့ဓမ္မတာပေမို့ ကြုံတွေ့တာ တကယ်မဆန်းပါဘူး၊ ပရမ်းပတာ အတင်းအဖျင်းအထုပ်စုတ်တွနဲ့ သတင်းလုပ်ကာ ကြေညာတယ်ကွယ့်၊ စေတနာ ညဥ့်ဆိုးလှပါကလား၊ မြေကမ္ဘာအမြင်ဆိုးလှချည်ရဲ့ သူခိုးစရိုက်အသွင် တွေက၊ အမျိုးပါခိုက်လိမ့်မယ်ကွယ့် (ဘီဘီစီရေ...) အမိုက်နင့်ပြင် မရှိတော့ပါလား..."

သို့ကလိုသော ဇာတ်ငိုချင်းနဲ့ပဲ ပေါက်စ ပဏာမခြေဆင်းလိုက်ရတဲ့ အကြောင်းရင်းကို မောင်းကြေးနင်းမခတ်ဘဲ ဖြစ်ရပ်အမှန်နဲ့ နတ်သံနှော‌ပြီး ပြောပါ့မယ် ခင်ဗျာ။

ဒီလိုပါခင်ဗျ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ည ၈နာရီ ၁၅မိနစ်မှာ BBC အသံလွှင့်ဌာနက ရန်ကုန်မြို့လယ်ကောင်တွင် တစ်ကိုယ်တော်ဆန္ဒပြမှု တစ်ရပ်ဖြစ်ပွားခဲ့ကြောင်း တင်ပြချက်ဆိုပြီး သတင်းခေါင်းစီးတပ်ထားတဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ကြေညာသွားသဗျ။

အဲ...အဲ... BBC ဂ်က သတင်းကို ဘယ်လိုကြေညာသွားသလဲဆိုရင် ဗုဒ္ဓဟူးနေ့တစ်နေ့က နေ့လယ် (၁၁)နာရီခွဲလောက်မှာ ရန်ကုန်မြို့လယ်ကောင်မှာ တစ်ကိုယ်တော်ဆန္ဒပြမှုတစ်ရပ်ဖြစ်ပွားခဲ့လို့ အဲဒီဆန္ဒပြသူကို အာဏာပိုင်တွေက ဖမ်းဆီးခဲ့တယ်ဆိုတဲ့ သတင်းကိုလဲ ပြောပါရစေရှင်တဲ့ ခင်ဗျာ။ အဲသလို သတင်းပဏာမစကားပြောပြီးတဲ့နောက် အကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဆိုသူ ဘိုကြည်နဲ့ ဗျူးတော့တာပဲ ခင်ဗျ။

အဲဒီဗျူးစကားရဲ့ အနှစ်ချုပ်ကတော့ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၄ရက်နေ့ နေ့ခင်း ၁၁နာရီလောက်က ရန်ကုန်မြို့ ဆူးလေဘုရားနဲ့ မြို့တော်ခန်းမကြားထဲမှာ ကိုလေး (ခ) သန်းဇော်ဌေးဟာ တောင်းဆိုချက် သုံးရပ်ကို တောင်းဆိုပြီး တစ်ကိုယ်တော်ဆန္ဒပြတဲ့အတွက် ထောက်လှမ်းရေးတွေနဲ့ ရဲတွေရဲ့ ဖမ်းဆီးတာ ခံရတဲ့အကြောင်း၊ ဘယ်နေရာမှာရှိတယ်ဆိုတာ မသိရသေးတဲ့အပြင် ကိုလေး (ခ) သန်းဇော်ဌေးဟာ ထောင်ဒဏ် ခုနစ်နှစ် ကျသွားနိုင်တဲ့ အလားအလာ ရှိကြောင်း၊ သန်းဇော်ဌေးဟာ ဘယ်အဖွဲ့အစည်းကမှ မဟုတ်ဘဲ သာမန်အရပ်သား တစ်ဦးသာဖြစ်ကြောင်း ထုတ်လွှင့်ကြေညာသွားတယ်ဗျာ။

အခုလို BBC က ထုတ်လွှင့်တဲ့ မူလသတင်းကြေညာချက်ကို သတင်းစာ သမားတစ်ဦးအမြင်နဲ့ သေသေချာချာသတိထားပြီးကြည့်လိုက်ရင် သတင်း အရင်းအမြစ် မတွေ့ဘဲနဲ့ ဘယ်ကဘယ်နည်းနဲ့ ရလာမှန်းမသိတဲ့ သတင်း တစ်ပုဒ်ကို ရမ်းတုတ်သဘောမျိုးကြေညာပြီးမှ ဘယ်မှာ ဖြစ်တာလဲ၊ ဘယ်နေ့ ဘယ်အချိန်ကလဲ၊ ဘယ်သူလဲ ဆိုတာတွေ၊ ဗျူးနေတာကတော့ နိုင်ငံတကာ သတင်းမီဒီယာ စာရင်းဝင် အင်းဝင် BBC အတွက် ရှက်တတ်မယ်ဆိုရင် မြဝတီရုပ်သံဇာတ်လမ်းတွဲတွေထဲက တရုတ်ဇာတ်ဆောင်တွေ ပြောသလိုမျိုး ကျွန်တော်မျိုးကြီး သေသင့်ပါတယ်ဆိုတဲ့ စကားကလွဲလို့ အခြားစကားပြောဖို့ မရှိတော့တာ သိပ်သိပ်ပြီးသေချာနေပါတယ်ခင်ဗျာ။

ဘယ့်နှယ်ဗျာ၊ ဘယ်လိုအကြိုအကြားက ဝင်လာမှန်းမသိတဲ့ အတင်း အဖျင်းအထုပ်စုတ်ကို သတင်းလုပ်ကြေညာပြီးတော့မှ သတင်းအရင်းအမြစ်ကို မျက်ကလဲဆန်ပျာ ဟိုရှာဒီရှာနဲ့ ဗျူးနေတာတွေဟာ BBC ရဲ့ သတင်းနည်း ပညာလားလို့ ပေါက်စမေးရင် ဘယ်လိုဖြေမလဲခင်ဗျာ။

ရိုးရိုးလေးပါပဲခင်ဗျ၊ ပေါက်စတို့ဟာ အောက်ခြေသိမ်းကော်လံစား သတင်းထောက်ဘဝကနေ ဒီနေ့ကာလအထိ သတင်းသမားဘဝကို ဖြတ်သန်း လာတဲ့အတွေ့အကြုံအရ မပြည့်စုံတဲ့သတင်းတစ်ပုဒ်ကို ဘယ်သောကာလမှ သတင်းစာရဲ့စာမျက်နှာပေါ်မှာ မတင်ရ၊ မရေးရ၊ မဖော်ပြရဆိုတဲ့ သတင်း သမားတစ်ဦးအတွက် ထိန်းသိမ်းစောင့်ရှောက်လိုက်နာရမယ့် ကျင့်ဝတ်သီလ အဖြစ် လမ်းညွှန်ဆုံးမဩဝါဒပေးခဲ့တဲ့ သတင်းစာဆရာကြီးတွေရဲ့ ကျေးဇူး တရားဟာ ပေါက်စအနေနဲ့ သေတဲ့အထိ ဆပ်မကုန်အောင် ကြီးမားခဲ့တယ်ဗျာ။

သို့သော်လဲပေါ့ဗျာ၊ ဒီနေ့ကာလမှာတော့ BBC အပါအဝင် ပြည်ပ သတင်းမီဒီယာအချို့ဟာ အဘယ်မည်သော အမှောင့်အဖျက်၊ ပယောဂတွေ ဝင်ရောက် စွက်ဖက်နေသလဲတော့ မသိဘူးခင်ဗျ။ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို သိက္ခာကျစေနိုင်တဲ့ သတင်းမှန်သမျှ လာကြလာကြလို့ကြေညာပြီး မဖိတ်ခေါ် မကမ်းလှမ်းတာကလွဲလို့ သဲသဲမဲမဲ ဖွဲကြီးကြီးနဲ့ ထုတ်လွှင့်ကြေညာနေတာတွေ ဟာ အဘယ်မည်သော ဒီမိုကရေစီဝေဒနာတွေပါလဲလို့ ပေါက်စ မေးချင်သဗျ။

ရှင်းရှင်းလေးပဲခင်ဗျ။ **ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုတာတွေကို မြန်မာနိုင်ငံမှာ ဖြစ်ထွန်းရှင်သန်စေချင်တဲ့ စေတနာတရား ဖြူစင်စွာထားရှိ မှန်ရင် အခုလိုမျိုး မရိုးသားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအပေါ် မတော်မတရား ပုတ်ခတ်နေတာဟာ ဘာကမှုအလုပ်မဖြစ်တဲ့ ကလိမ်ကကျစ်လုပ်နည်းလုပ်ဟန်တွေပဲ ဖြစ်သဗျ။**

ပေါက်စ

အခုပဲကြည့်ဗျာ၊ တစ်ကိုယ်တော်ဆန္ဒပြတယ်ဆိုတာ ကာယကံရှင် သန်းဇော်ဌေး(ခ)ကိုလေး(ခ)ခွေးလေးရဲ့ မူလပကတိ ဓာတိစိတ်မဟုတ်ဘဲ သူခံစားနေရတဲ့ စိတ်ဝေဒနာအရ ထင်ရာမြင်ရာ စိတ်ကစဉ့်ကလျားဖြစ်ပြီး အော်ဟစ်နေတာကို တောင်းဆိုချက် သုံးရပ်တောင်းဆိုတယ်လို့ ဘာသာပြန် အနက်ဖွင့်ပြတဲ့ အကျဉ်းသားများကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟာ စိတ္တဇ ဝေဒနာသည်များရဲ့ ဘာသာပြန်ဆရာကြီးများ အလုပ်ပါ ပူးတွဲလုပ်ဆောင် နေကြပါကလားလို့ ပေါက်စ အခုမှ သနားမိသဗျ။

ဘာလို့လဲဆိုတော့ တစ်ကိုယ်တော်ဆန္ဒပြတယ်ဆိုတဲ့ သန်းဇော်ဌေး(ခ) ကိုလေး(ခ)ခွေးလေးဟာ စိတ္တဇဝေဒနာခံစားနေရသူဖြစ်သလို သူ့ရဲ့မွေးချင်း ညီအစ်ကိုမောင်နှမ ကိုးယောက်ထဲမှာ အစ်ကိုနှစ်ယောက်ဟာ စိတ်ဝေဒနာ ရောဂါနဲ့ ကွယ်လွန်ဆုံးပါးခဲ့ပြီး အစ်ကိုတစ်ယောက်ကတော့ စိတ်ဝေဒနာ ဖောက်ရာက ပျောက်ဆုံးနေတာ ဒီနေ့အထိ ရှာမတွေ့သေးပါဘူးတဲ့ ခင်ဗျာ။

အဲ ... သန်းဇော်ဌေး(ခ)ကိုလေး(ခ) ခွေးလေးဟာလဲ ထိုနည်းလည်း ကောင်းပဲပေါ့လေ၊ တစ်ခါတစ်ရံ စိတ်ဖောက်ပြန်ပြီး ကယောင်ကတန်း ပြောဆိုတာတွေ၊ အရက်ကလေးများတစ်ပက်နှစ်ပက်လောက် သောက်မိရင် စိတ်မထိန်းနိုင်ဘဲ အော်တတ်ဟစ်တတ်တာတွေ ဖြစ်တတ်တဲ့အကြောင်း သူ့ရဲ့အစ်မရင်းဖြစ်သူက လုံခြုံရေးအဖွဲ့ကို ပွင့်ပွင့်လင်းလင်း ရှင်းပြပါတယ်ဗျာ။

ဘယ်လိုတွေလဲခင်ဗျာ၊ BBC တို့၊ အကျဉ်းသားများကူညီစောင့်ရှောက် ရေးအဖွဲ့တို့ဆိုတာတွေဟာ အဲသလို သတင်းအခြေအမြစ်နဲ့ ဖြစ်ရပ်မှန်တွေကို ဘာကမှုမလေ့လာ၊ မမေးမြန်းတော့ဘဲ ရမ်းတုတ်မှန်းတုတ်နဲ့ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို သိက္ခာချ ပုတ်ခတ်ရေးအတွက် အကွက်ချစီစဉ်ကြတာလား ခင်ဗျာ။

ပြောစရာရှိသမျှ ပြောကြစတမ်းဆိုရင် BBC အသံလွှင့်ဌာနက ထုတ်လွှင့် ခဲ့တဲ့ တစ်ကိုယ်တော် ဆန္ဒပြတယ်ဆိုတဲ့နေ့က အမှန်တကယ်ဖြစ်ရပ်ဟာ ဘာတစ်ကိုယ်တော်ဆန္ဒပြတာမှ မဟုတ်ပါဘူးခင်ဗျာ။ အဲဒီနေ့က သန်းဇော်ဌေးဟာ အရက်တွေ အလွန်အကျွံမူးပြီး စိတ်ကစဉ့်ကလျားဖြစ်လာတော့ လမ်းလယ် ကောင်မှာ မူးကြောင်ရူးကြောင်နဲ့ အော်ချင်ရာတွေအော်နေတဲ့ သူ့အခြေအနေကို လုံခြုံရေးအဖွဲ့တွေက မြင်လာတဲ့အခါမှာ သူ့အပေါ်ကျရောက်လာမယ့် အန္တရာယ်အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သန်းဇော်ဌေး(ခ) ကိုလေး(ခ) ခွေးလေးကို ထိန်းသိမ်းစောင့်ရှောက်တာပဲ ဖြစ်ပါတယ်ဗျာ။

အဲသဟာအပြင် AAPP တွဲဖက်အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး ဘိုကြည်ပြောသလို ထောင်ခုနစ်နှစ်လဲ ကျခံစရာမရှိဘဲ သူ့ရဲ့စိတ်ဝေဒနာရောဂါကို ဆေးကုသမှုခံယူဖို့အတွက် သန်းဇော်ဌေး(ခ) ကိုလေး(ခ)ခွေးလေးကို တရားရှိသူများက စိတ်ကျန်းမာရေးဆေးရုံကြီးမှာ ဆေးဝါးကုသမှုခံယူဖို့ ပို့ဆောင်လိုက်တယ်လို့ သိရပါတယ်ခင်ဗျာ။

ကဲ....ဘယ့်နှယ်ရှိစလို့ BBC နဲ့ AAPP က ပုဂ္ဂိုလ်အကောင်းစားကြီးများ ကို ပေါက်စ လက်တို့မေးချင်သဗျ။ ဖြစ်စဉ်အမှန်ကို ထိမ်ချန်ပြီး ကလိမ်ဉာဏ် စရိုက်နဲ့ မိုက်မိုက်မဲမဲ လုပ်ကြံလီဆယ်ဖန်တီးထားတဲ့ အတင်းအဖျင်း တွေဟာ ဘယ်သောကာလမှ သတင်းဖြစ်မလာနိုင်ပါဘူးခင်ဗျာ။ **အဲ....**ဥပမာ စကား လေးနဲ့ ပြောရရင်တော့ ဖွတ်ကို မိကျောင်းလုပ်လို့မရသလို၊ ဖားပြုတ်ကိုလဲ ခြင်္သေ့လုပ်ပြီး ဟိန်းခိုင်းလို့မရသလိုပေါ့လေ။ AAPP နဲ့ BBC တို့ရဲ့ အတင်း အဖျင်း အထုပ်အစုတ်တွေဟာလဲ သတင်းလုပ် ထုတ်လွှင့်နေပေမယ့် ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက မယုံရေးချ မယုံကြတဲ့အတွက် အရှက်နဲ့သိက္ခာတရားကို ထောက်ထားပြီး အဘိဓ္ဓျာမပွားကြစေချင် ဘူးဗျာ။

ကြည့်လဲ လုပ်ဦး BBC ရေ....။ ဘာကမှု မကြာသေးတဲ့ ဇူလိုင်လ ၄ ရက် နေ့ကလဲ AAPP ရဲ့ စောင်မကြည့်ရှုလိုက်တဲ့ကောင်းမှုနဲ့ VOA ဟာ ဆေးစွဲနေတဲ့ ဘိန်းစားငနဲကို မူးယစ်ဆေးဝါးဥပဒေအရ အရေးယူတာနဲ့ ပတ်သက်ပြီး ဘာကမှု မစုံစမ်း၊ မမေးမြန်း၊ မလေ့လာတော့ဘဲ နိုင်ငံရေး အရောင်ခြယ်သ မွမ်းမံထားတဲ့ သတင်းအဖြစ်နဲ့ ညစ်ကျယ်ကျယ်အော်ခဲ့၊ ဟစ်ခဲ့လို့ ပွဲကျသွားတဲ့ သိက္ခာတောင် ပြန်ဆယ်လို့မရသေးဘဲ လတ်လတ် ဆတ်ဆတ်ကြီးရှိနေသေးရဲ့ဗျာ။ အခုလဲ အရက်တွေ အလွန်အကျွံသောက်လို့ မူးကြောင် ရူးကြောင်ဖြစ်ပြီး ပါးစပ်ထဲတွေ့ရာ အော်နေဟစ်နေတဲ့ စိတ်ရောဂါ သည်ရဲ့ ရောဂါဖောက်လာတာကိုပဲ AAPP တွဲဖက်အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး ဘိုကြည်က ဘယ်လိုတွေလုပ်ကြံဖန်တီး ပုံဖော်ထုဆစ်လာသလဲဆိုရင် တစ်ကိုယ်တော်ဆန္ဒပြတာတွေကော၊ တောင်းဆို ချက်တွေကော၊ ထောင်ခုနစ်နှစ် ကျနိုင်တယ်ဆိုတာတွေကော အားလုံးရောနှော မွှေနှောက်ထားတဲ့ အောက်တန်းအကျဆုံး အတင်းအဖျင်းအထုပ်စုတ်နဲ့ BBC ကို သတင်းလုပ်ပေးပို့ခဲ့သလို BBC ကလဲ လာလေ....ကြာသလားလို့ ပေါ့ဗျာ။ မထူးဆန်းတဲ့ ဗျူးခန်း ထုတ်လွှင့်ပေးခဲ့သဗျ။

အဲသလိုမျိုး စိတ်ရောဂါသည်ရဲ့ရောဂါဝေဒနာကို အရင်းလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်ဖို့ ကြံတတ်၊ ဖန်တတ်တဲ့ AAPP ရဲ့ မဟာရွှေဉာဏ်တော်စူးရှ ထိရောက်ပုံမျိုးတွေနဲ့ အတူ AAPP ရဲ့ အကြံအဖန်မဟာရွှေဉာဏ်တော်ကို ပုံဖော်ထုတ်လွှင့်ပေးခဲ့တဲ့ BBC ရဲ့ သတင်းမီဒီယာနည်းပညာတွေဟာ ဘယ်လောက် ကြည်ညိုဖွယ်ကောင်းသလဲဆိုတာ ပေါက်စရဲ့ အိမ်ခါးပန်းမှာ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်အထိ အလွတ်ရအောင် အာဂုံဆောင် မှတ်သား နိုင်ဖို့ ထုံးတို့တဲ့ကမ္ဘည်းနဲ့ ကြီးကျယ်စွာ မှတ်တမ်းတင်ထားပါ့မယ်ခင်ဗျာ။

အဲ....ပေါက်စရဲ့ စကားကို နိဂုံးကမ္ပတ်အဆုံးသတ်ပါတော့မယ်ခင်ဗျာ။ အခုလိုတွေ အတင်းအဖျင်းစကားတွေနဲ့ သတင်းအမှားအလိမ်တွေကို မတရား ကလိမ်ဉာဏ်ဆင်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဂုဏ်ပျက်အောင် ပုံဖျက် လုပ်ကြံဖန်တီးထုတ်လွှင့်နေကြတဲ့ AAPP နဲ့ BBC တို့ရဲ့ အကျင့် စရိုက်ဉာဉ်တွေဟာ အမိုက်နင့်ပြင် မရှိတဲ့အတွက် ရှက်ကြော မပြတ်သေးဘဲ အရှက်တရား ပါးပါးလေးပဲရှိဦးမယ် ဆိုရင်တော့ **"လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ"** လို့ပဲ ပေါက်စ အခမဲ့ကိုယ်စား၊ ကိုယ်ပွား ခံစားမိတဲ့ အကြောင်း စလောင်းမပါဘဲ မောင်းအခါခါခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။

ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဆိုတာတွေကို မြန်မာနိုင်ငံမှာ ဖြစ်ထွန်းရှင်သန်စေချင်တဲ့ စေတနာတရား ဖြူစင်စွာထားရှိမှန်ရင် အခုလိုမျိုး မရိုးသားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံရေး အမြတ်ထုတ်ဖို့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအပေါ် မတော်မတရား ပုတ်ခတ်နေတာဟာ ဘာကမှုအလုပ်မဖြစ်တဲ့ ကလိမ်ကကျစ်လုပ်နည်းလုပ်ဟန်တွေပဲ ဖြစ်သဗျ။

ဦးမြတ်ဦး ဇနီး ဒေါ်လှိုင်လှိုင် (ဘောဘီဗိုက်တာ) မိသားစုက ကျပ်သိန်း ၃၃၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းသော စမ်းချောင်း မြို့နယ် ညောင်တုန်းလမ်း၊ အမှတ် (၃၄) ရှိ ညောင်တုန်းလမ်း ဓမ္မာရုံ ရေစက်ချ အလှူတော် မင်္ဂလာနှင့်ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (ဝါဆိုလပြည့်နေ့)က အဆိုပါဓမ္မာရုံ၌ကျင်းပရာ နေနတ်သား စာသင်တိုက်ဆရာတော်နှင့် သံဃာတော်များအား အလှူရှင်မိသားစုက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ဆက်ကပ်

တောင်ဥက္ကလာပ မြို့နယ် (၇) ရပ်ကွက် ရာဇသူရလမ်း မိသားစုသံဃာ့ ဒါနဆွမ်းလောင်း အသင်းမှ ပဥ္စမ အကြိမ်မြောက် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်း ပွဲကို (ဝါဆိုလပြည့်နေ့)ကကျင်းပရာ မြင်သာ ဝိပဿနာ ဆရာတော် ဦးဥေယျမွေထံ အလှူရှင်များက ဝါဆို သင်္ကန်းဆက်ကပ်စဉ်။ (၁၉၂)

အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ်အထိမ်းအမှတ် စပါးစိုက်ပျိုးခြင်းအခမ်းအနား လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် တက်ရောက်စပါးစိုက်ပျိုးပေး

ရန်ကုန် ဩဂုတ် ၄

၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်အထိမ်းအမှတ် စပါးစိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာန သုတေသနစပါးစိုက်ကွင်း၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားပြီး အထိမ်းအမှတ်စပါးကို စိုက်ပျိုးပေးသည်။

စပါးစိုက်ပျိုးခြင်းအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Mr. Tang Zhengping နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကား ပြောကြားသည်။

စပါးကြဲပက်ပေး

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်နှင့် အဖွဲ့ဝင်များသည် သုတေသနစပါးစိုက်ကွင်း၌ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ်အထိမ်းအမှတ်အဖြစ် အရည်အသွေးကောင်း မှော်ဘီ-၃ စပါးမျိုးစေ့များကို ကြဲပက်စိုက်ပျိုးပေးကြသည်။

ယင်းနောက်ဝန်ကြီးသည်သမန်းမြေ ညီညာအောင်ပြုပြင်ထားသော စိုက်ကွက်တွင် ခေတ်မီ မျိုးစေ့ချ ကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှု၊စက်ကိရိယာများဖြင့်ထွန်ယက်မြေပြုပြင်နေမှု လုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးသည် ခေတ်မီစိုက်ပျိုးနည်းဖြင့် ဆောင်ရွက်နေသည့် ခေတ်သစ်ပေါင်ပျိုးထောင်နည်း၊ စပါးခေါင်နှံဖြင့် မျိုးသန့်ပွားများနည်း၊ "ကျေးရွာအမှိုက်လယ်ယာမြေရတနာသိုက်" ဆောင်ပုဒ်အရ ကောက်ရိုးမြေသြဇာပြုလုပ်အသုံးပြုမှု စမ်းသပ်ကွက်၊ အီးအမ်ဘိုကာရှီ မြေသြဇာကို ဖေဒါ၊ ကောက်ရိုး ဆွေးများဖြင့် မြေဆွေးပုံပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးထွန်းသန်းနှင့် အထွေထွေမန်နေဂျာဒေါက်တာမင်းအောင်တို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်သည် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနည်းလမ်းများ ပြကွက်ကို ကြည့်ရှုရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်းက စပါးဆားရည်စိမ်၍ မျိုးရွေးချယ်ခြင်း၊ နိုက်ထရိုဂျင်ဓာတ်လိုအပ်မှုကို စပါးရွက်အရောင်ဖြင့် နှိုင်းယှဉ်တိုင်းတာထည့်သွင်းနည်း၊အရည်အသွေးကောင်းနှင့် အထွက်ကောင်း စပါးမျိုးများ နမူနာပြကွက်၊ သီးနှံကာကွယ်ရေးဌာနစိတ်၏ အပင်ရောဂါနှင့် ပိုးမွှားကာကွယ်နှိမ်နင်းနည်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စပါးပင်အရွက်အရောင်တိုင်းကတ် အသုံးပြုနည်းပြကွက်၊ ရေကျောက်ခက် (အဇိုလာ) ဇီဝမြေသြဇာမွေးမြူပွားများ ဖြန့်ဖြူးရေးကန်နှင့် သဘာဝမြေသြဇာ ပြုလုပ်နိုင်သောနွားချေးတွင်ပါဝင်သည့် မူလအပင် အာဟာရဓာတ်လေလွင့်ဆုံးရှုံးမှုမရှိအောင် တဲစနစ်ဖြင့် စနစ်တကျသိုလှောင်မှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့ဆန်စပါးသုတေသနဌာန အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့်အဆောက်အအုံအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် အထိမ်းအမှတ်ပြကွက်များကို ကြည့်ရှုစစ်ဆေးပြီး ဇီဝနည်းပညာ ပြကွက်တွင် ကချင်ပြည်နယ် ပူတာအိုဒေသမှ မြန်မာမျိုးရင်း ဖြစ်သော သစ်ခွနက်မျိုးကို တစ်သျှူးနည်းဖြင့် အာဟာရပြင်တွင် သားတက်တစ်ခုမှ အပင်ရေတစ်ရာ အပင်ပွားနှုန်း ရရှိအောင် အောင်မြင်စွာမွေးမြူနိုင်မှုကို ပြသထားရာ ဝန်ကြီးက တစ်သျှူးမျိုးပွားမှုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး မှာကြားသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်အထိမ်းအမှတ် စပါးစိုက်ပျိုးခြင်းအခမ်းအနားသို့တက်ရောက်ပြီး မြန်မာ့ဆန်စပါး သုတေသနဌာန သုတေသနစပါးစိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ကဏ္ဍအသီးသီးအောင်မြင်တိုးတက်လာမှု ခိုင်မာသည့်အထောက်အထားများပြုစု ခေတ်လေးခေတ်သမိုင်းမှတ်တမ်းပြုစုရေး ပြန်ကြားရေးဝန်ကြီးမှာကြား

ရန်ကုန် ဩဂုတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ခေတ်လေးခေတ်သမိုင်းအထောက်အထား မှတ်တမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ခေတ်လေးခေတ် သမိုင်းအထောက်အထား မှတ်တမ်းပြုစုရေး ကော်မတီဝင်များ၊ စစ်ထောက်ချုပ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတို့မှ ပါမောက္ခများ၊ ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

လမ်းညွှန်ချက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးကျင်းပရခြင်းမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြန်ကြားရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခေတ်လေးခေတ် သမိုင်းမှတ်တမ်း၌ ပြည်နယ်၊ တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းအချက်အလက်များ ပြည့်စုံစွာရရှိရေးအတွက် ခေါ်ယူညှိနှိုင်းခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ် မတ်လ ၃၁ရက်အတွင်း ပြည်နယ်၊ တိုင်းအလိုက် ကိုယ့်အားကိုယ်ကိုး ပြုလုပ်ခဲ့သော ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပြုလုပ်ခဲ့သောလမ်း၊ တံတား အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး ကဏ္ဍ အားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုစာရင်းများ ရရှိရန် ခေါ်ယူညှိနှိုင်းခြင်းဖြစ်ကြောင်း၊ ခေတ်လေးခေတ် သမိုင်းမှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များမှာ ယနေ့ခေတ် လူလတ်ပိုင်း၊ လူငယ်လူရွယ်များနှင့် နောင်မွေးဖွားလာကြမည့်လူငယ်များ အတွက်ပါ ခေတ်အသီးသီး၏ တကယ့်အခြေအနေမှန်ကို တစ်နေရာတည်းတွင် စုစုစည်းစည်းလွယ်လွယ်ကူကူလေ့လာသိရှိနိုင်စေရန်နှင့် လွဲမှားသည့် အတွေးအခေါ် ယူဆချက်များမရှိစေရန်တို့ဖြစ်ပါကြောင်း၊ သို့ပါ၍ ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ်မတ်လအထိ ပြည်နယ်/တိုင်းအလိုက်မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် အောင်မြင်တိုးတက်လာမှုများကို ခိုင်မာသည့် အထောက်အထားဓာတ်ပုံများဖြင့် ပြုစုပေးပို့ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် သမိုင်းမှတ်တမ်းပြုစုရေးအဖွဲ့ခေါင်းဆောင်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်လိုလားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ စစ်ထောက်ချုပ်ရုံး၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သမိုင်းအထောက်အထား မှတ်တမ်းပြုစုရာတွင် အချက်အလက်များတင်ပြခြင်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခေတ်လေးခေတ် သမိုင်းအထောက်အထား မှတ်တမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် သမိုင်းမှတ်တမ်းပြုစုရေးအဖွဲ့ ခေါင်းဆောင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အာဆီယံစျေးရောင်းပွဲတော်

ASEAN FOOD FESTIVAL

7 Aug: 2004 — Kandawgyi Palace Hotel
10:00 AM-2:00 PM — (Lake View)

မြိုင်ကြီးငူဆရာတော်၏(၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာနှင့် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ဆဋ္ဌမအကြိမ် သံဃာအပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇန၏ (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ဆဋ္ဌမအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ)ရှိ အောင်မင်္ဂလာပရိယတ္တိ စာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၁၀၀၀ တို့ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီ မိသားစုများ၊ တပည့် ဒါယကာ ဒါယိကာမများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ တေးသံရှင် ဟသ်ာတထွန်းရင်၊ စိုးစန္ဒာထွန်းနှင့် စန္ဒရားခွန်တင်ကြွယ်တို့က ဆရာတော်ကြီးအား ဂုဏပူဇာဓမ္မတေးတို့ဖြင့် ပူဇော်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ လှူဖွယ်ပစ္စည်းများနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသော လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် သင်္ကန်းအစုံ ၁၀၀ ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ်သန်းထွန်းကိုယ်စား ဗိုလ်မှူး တင်စောနိုင်၊ အလှူရှင်ရွှေသံလွင် ကုမ္ပဏီမိသားစုနှင့် ဒေသခံတိုင်းရင်း သားများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြိုင်ကြီးငူ အထူး ဒေသအတွက် အလှူတော်ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ် ကြရာ မြိုင်ကြီးငူဆရာတော်၏ (၅၆)နှစ်မြောက် ဝိဇာတရက်မြတ် အလှူတော်အတွက် သင်္ကန်းအစုံ ၁၀၀၀၀၊ ခရီးဆောင်အိတ် အလုံး ၃၆၀၀နှင့် လှူဖွယ်ပစ္စည်းများအတွက် ကျသင့်ငွေ ကျပ် ၆၀၉၈၀၀၀၀ ကို ရွှေသံလွင်ကုမ္ပဏီနာယက သီရိသုဓမ္မ သိင်္ဂီ သီဟသုဓမ္မသိင်္ဂီ မဟာသီရိ သုဓမ္မသိင်္ဂီ ဒေါ်နီနှင့် ဒါရိုက်တာအဖွဲ့ ဝင်များက ပေးအပ်လှူဒါန်းကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လက်ခံ သည်။

ထို့နောက် မြိုင်ကြီးငူ ဆရာ တော်၏ (၅၆)နှစ်မြောက် ဝိဇာတ ရက်မြတ်အလှူတော်အတွက်ဆရာငြိမ်း နှင့် မိသားစုက အလှူငွေကျပ် သုံးသိန်း ကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က လက်ခံ သည်။

ယင်းနောက် မြိုင်ကြီးငူဆရာ တော်၏ (၅၆)နှစ်မြောက် ဝိဇာတ ရက်မြတ်အလှူတော်အတွက် ဒေသခံ တိုင်းရင်းသားများ၏ လှူဒါန်းငွေကျပ် ၅၆ သိန်းကို အလှူရှင်များကိုယ်စား စောမောသိုက ပေးအပ်ရာ သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း၆၀၊ မြိုင်ကြီးငူ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဆောင်သစ်ဆောက် လုပ်ရန်ငွေကျပ် သိန်း၅၀၊ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဦးသာထူးကျော်က လက်ခံသည်။

ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

ဆက်လက်၍ မြိုင်ကြီးငူ ဆရာ တော်ကချီးမြှင့်သော စာပေပညာရှင် သီးသန့် ဂုဏ်ထူးဆောင်လက်မှတ်ကို မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တသုဇနက ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူဦးလေး နောင်(မြိုင်နန်းဆွေ)အား ချီးမြှင့်သည်။

ထို့နောက် မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင် က ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အခြေခံပညာ အဆင့် အသက် (၅) နှစ်မှ (၁၀)နှစ် အကပြိုင်ပွဲတွင် ပထမဆုရ စောထွန်း ထွန်းလင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အကပြိုင်ပွဲ တွင် ပထမဆုရ စောထက်ရှိုင်း၊ အခြေခံပညာအဆင့် အသက် (၁၅) နှစ်မှ (၂၀)နှစ် အကပြိုင်ပွဲတွင် ပထမ ဆုရ စောကျော်လင်းစိုး၊ ဝါသနာရှင် အဆင့် အရေးပြိုင်ပွဲတွင် အထူးဆုရ ဦးစောစံအေးနှင့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် ဆိုင်းအဖွဲ့ လိုက်ပြိုင်ပွဲတွင် တတိယဆုရ စိန်ဘ မောင်ဆိုင်းအဖွဲ့ကိုယ်စား အဖွဲ့ခေါင်း ဆောင် စောဘမောင်တို့အား ဂုဏ်ပြု ဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက်သာသနာရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေး ပွဲတွင် ဘောဂဗေဒ ဂုဏ်ထူးတစ်ဘာ သာဖြင့်အောင်မြင်ခဲ့ကြသော မဇာဇာ ဝင်းနှင့် မမီမီစိုးတို့အားလည်းကောင်း၊ ရိုးရိုးအောင်မြင်သူ၃၂ဦးတို့၏ ကိုယ်စား နော်သဇင်ဦးအား လည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ထို့နောက် ဦးကျော်သန်းက မြိုင်ကြီးငူ အထူးဒေသ လူမှုရေး ထောက်ပံ့ငွေအတွက်ငွေကျပ်၉၄၅၀၀၀ ကို ပေးအပ်ရာ ဦးအောင်ငွေက လက်ခံ သည်။

ဆက်လက်၍ ဦးကျော်သန်းက မြိုင်ကြီးငူဒေသတွင် တာဝန်ထမ်းဆောင် နေကြသော ဝန်ထမ်း ၂၃၃ ဦးတို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ရာ ဝန်ထမ်း များကိုယ်စား တိုင်းရင်းဆေးခန်း ဆေးမှူး ဦးဇော်လင်းထွေးက လက်ခံ သည်။

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာ တရား ဟောကြားတော်မူပြီး ပရိသတ် တို့က လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင် ရွှေသံလွင် မိသားစုကအလှူမင်္ဂလာပွဲသို့ကြွရောက် တော်မူလာကြသော သံဃာတော်များ၊ ရှင်သာမဏေများအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မြိုင်ကြီးငူဆရာတော် (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့်ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ဆဋ္ဌမအကြိမ် သံဃာအပါး၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



မြိုင်ကြီးငူဆရာတော် (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ဆဋ္ဌမအကြိမ် သံဃာအပါး၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၄

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၆ နာရီခွဲက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဓမ္မာရုံ၌ကျင်းပ ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ကေရီခိုင်၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်ခင် အေးကြူ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်း များနှင့်မိသားစုများ တက်ရောက်ကြပြီး ဆရာတော် သံဃာတော်၁၀ပါးတို့အား ဝါဆိုသင်္ကန်းများနှင့် ဆွမ်းဆက်ကပ် လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံအထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၄

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပ မည်ဖြစ်ရာ စာမေးပွဲအောင်မြင်ကြ သည့် ကျောင်းသား ကျောင်းသူများ သည် ဩဂုတ် ၈ရက်မှ ၂၈ရက်အတွင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ အာစရိယ ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့သို့ လာ ရောက်ဆက်သွယ်ကြရန် နှိုးဆော် ထားကြောင်းသိရသည်။ **(က-ပ)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ လှိုင်သာယာစက်မှုဇုန်(၃)၌ကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ အမျိုးသမီးများအား ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို လှိုင်သာယာ မြို့နယ် စက်မှုဇုန်(၃)ရှိ တိုင်ရီဖိနပ်ချုပ်စက်ရုံတွင် ဩဂုတ်၂ရက် ညနေ ၄ နာရီ က ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ စက်ရုံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသမီးဝန်ထမ်းများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်း အဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြား သည်။

ထို့နောက် ပိုးမွှားနှင့်မျိုးပွားအန္တရာယ်အကြောင်း သိကောင်းစရာကို သားဖွားနှင့်မီးယပ်ရောဂါ အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာဒေါ်သန်း သန်းတင်ကလည်းကောင်း၊ အာဟာရအကြောင်း သိကောင်းစရာကို အာဟာရ ဗေဒပညာရှင် ဒေါက်တာဖြူဖြူအောင်ကလည်းကောင်း ဟောပြောကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှိုင်သာယာစက်မှုမြို့ စီမံ ခန့်ခွဲရေးကော်မတီက ငွေကျပ် နှစ်သိန်း၊ ဦးစိန်ဦး (တိုင်ရီကုမ္ပဏီလီမိတက်)က ငွေကျပ် နှစ်သိန်း၊ ဦးကျော်အောင် (ဘင်ဟာထရေးဒင်း)က ငွေကျပ်တစ်သိန်း၊ ဦးအုန်းဆိုင် (နယူးဂိုးဒင်းဂိတ်)က ငွေကျပ်တစ်သိန်း လှူဒါန်းကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အိမ်ရှင်တရုတ်အသင်း အာရှဖလားဗိုလ်လုပွဲရောက်ပြီ လက်ရှိချန်ပီယံဂျပန်နှင့် နောက်ဆုံးယှဉ်ပြိုင်ရမည်

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၄

အာရှဖလားဘောလုံးပြိုင်ပွဲအကြို ဗိုလ်လုပွဲများကို တရုတ်နိုင်ငံ ဂျီနန်မြို့နှင့် ပေကျင်းမြို့တို့တွင် ဩဂုတ် ၃ရက်က ကျင်းပခဲ့ရာ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ဂျပန်နှင့် ဘာရိန်းတို့ပွဲတွင် ဂျပန်ကဘာရိန်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရပြီး ဒုတိယပွဲစဉ်ဖြစ်သည့် တရုတ်နှင့် အီရန်တို့ပွဲတွင် ပယ်နယ်တီ အပါအဝင် တရုတ်က ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိ ခဲ့ကြပြီး အာရှဖလားဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

အကြိတ်အနယ်

တရုတ်နိုင်ငံ ဂျီနန်မြို့တွင်ကျင်းပသည့် အာရှဖလားအကြိုဗိုလ်လုပွဲအဖြစ် ဂျပန်နှင့် ဘာရိန်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာရှဖလား လူသစ်တန်း ဘာရိန်းက ဦးဆောင်ဂိုးသွင်းပြီးမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘာရိန်းတို့က ၄း၄း၂ ပုံစံဖြင့် ကစားခဲ့ရပြီး ဂျပန်တို့က ၅း၃း၂ ပုံစံဖြင့် ကစားခဲ့ရာ ပွဲမှာ အကြိုဗိုလ်လုပွဲ ပီသစွာ အကြိတ်အနယ်ရှိခဲ့သည်။

ပွဲစသည်နှင့် ဘာရိန်းတို့က ထိုးဖောက် ကစားကာ ဂိုးရရှိရေးကြိုးစားသလိုပင် ဂျပန်တို့ကလည်း တိုက်စစ်ဖွင့် ကစားခဲ့ရာ ပွဲ မှာလျှင်မြန်လျက်ရှိရာမှ ပွဲချိန်ခြောက်မိနစ်တွင် ဘာရိန်းတိုက်စစ်မှူး အလာဟူဘေးက ဂျပန်ဂိုးဧရိယာအတွင်းရရှိသည့် ဘောလုံးကို မနားတမ်း ကန်သွင်းရာ ဂျပန်ဂိုးသမား ယိုရှီကာဆူကာဝါဂူချီ၏ ဘယ်ဘက်ထောင့်မှ ဝင်သွားသဖြင့် ဘာရိန်းတို့ စောစီးစွာ အဖွင့်ဂိုး စတင်ရရှိသွားသည်။

ဂျပန်တို့ ဂိုးပေးလိုက်ရသည်နှင့် ဘာရိန်းကွင်းတစ်ဝက်အထိ ဖိကစားလာပြီး ထိုးဖောက်တိုက်စစ်ဆင် ကြိုးစားကစားသော်လည်း ဂျပန်တိုက်စစ်မှူးများဖြစ်သည့် တာမာဒါ၊ ဇူဆူကီး၊ ဖူကူနီရှိတို့ ဂိုးသွင်းမပိုင်နိုင်ကြသဖြင့် ဂိုးမရရှိခဲ့ပေ။

ထိုသို့ ကစားနေရာမှ ပွဲချိန် ၃၉ မိနစ်တွင် ဂျပန် ကွင်းလယ်ကစားသမား ယာဆူဟီတိုအင်ဒိုက ဘာရိန်းမှ ကွင်းလယ်ကစားသမား မိုဟာမက်ဆယ်မီကို တံတောင်ဖြင့် တွက်လိုက်ရာမှ ဒိုင်လူကြီးက အနီကတ်တိုက်ရိုက်ပြကာ ထုတ်ခဲ့သဖြင့် ဂျပန်တို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ပထမပိုင်းတွင် ဘာရိန်းတို့ တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ချေပဂိုးရ

ဒုတိယပိုင်းစသည်နှင့် ဂျပန်တို့ ဆက်ပြီး ထိုးဖောက်ကစားရာ ပွဲချိန် ၄၈မိနစ်တွင် ဂျပန်တို့ ဘယ်ထောင့်ကန်ဘောရရှိပြီး ဂျပန်နောက်ခံလူ အဲလက်စ်အင်ဒရိဆန်တို့စ် ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဂျပန်မှ နာကာတာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂျပန်တို့ ချေပဂိုးရခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် ၅၄မိနစ်တွင် ဂျပန်တိုက်စစ်မှူး တာမာဒါ ထိုးဖောက်ကစားလာပြီး ဘာရိန်းနောက်ခံလူများ ဟန့်တားနေသည့်ကြားမှ ဘယ်ခြေဖြင့် အပြင်းကန်သွင်းရာ ဂျပန်တို့ ဒုတိယဂိုး ရရှိခဲ့သည်။ ဂျပန်ဒုတိယဂိုးရပြီး ခံစစ်ဖြင့် ကစားကွက်ပြောင်းခဲ့မှုကြောင့် ဘာရိန်းတို့ ပြန်လည်ထိုးဖောက်ကစား နိုင်ခဲ့ရာ ပွဲချိန်၇၁မိနစ်တွင် ဘာရိန်း တိုက်စစ်မှူး အလာဟူဘေးကပင် ဒုတိယဂိုး သွင်းယူခဲ့သည်။

အာရှဖလား အကြိုဗိုလ်လုပွဲအဖြစ် တရုတ်နှင့်အီရန်တို့ ယှဉ်ပြိုင်ကစားရာ အီရန်တိုက်စစ်မှူး မက်ဒါဗီကီရာ၏ ထိုးဖောက်ကစားမှုကို တရုတ်ကွင်းလယ် ကစားသမား ရှောက်ကျားရီဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂျပန်တို့ ခံစစ်ဖြင့် ကစားကွက်ပြောင်းမှုကြောင့် ဘာရိန်းတို့ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ပွဲချိန် ၈၄မိနစ်တွင် အလာဟူဘေးနှင့် ဘာရိန်းကွင်းလယ်ကစားသမား အယ်ဒူဆာရီတို့ ဘောလုံးအပေးအယူဖြင့် ထိုးဖောက်ကစားလာပြီးပေးသည့် ဘောလုံးကို ဒူဘိုင်နေဆာက ကန်သွင်းသဖြင့် ဘာရိန်းတို့ တတိယဂိုးရရှိခဲ့သည်။

ဆက်လက်ချီတက်နိုင်

ဂျပန်တို့ ဂိုးပေးလိုက်ရသဖြင့် ပြန်လည်ထိုးဖောက်ကစားရာမှာ ပွဲချိန် မိနစ်၉၀တွင် ဂျပန်နောက်ခံလူအဲလက်ဆင်ဒရိဆန်တို့စ်ကန်တင်ပေးလိုက်သည့် ဘောလုံးကို နာကာဇာဝါက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂျပန်တို့ချေပဂိုး ရရှိခဲ့သည်။ ပွဲပြီးချိန်အထိ သုံးဂိုးစီ သရေကျနေသဖြင့် အချိန်ပိုကစားရရာ ပထမပိုင်း ပွဲချိန်သုံးမိနစ်မှာပင် ဂျပန်တိုက်စစ်မှူးတာမာဒါဘောလုံးဆွဲယူလာပြီး ဘာရိန်းနောက်ခံလူ သုံးဦးကိုကျော်ဖြတ်ကာ သွင်းယူခဲ့သဖြင့် ဂျပန်တို့ အနိုင်ဂိုးရရှိကာ ချန်ပီယံကာကွယ်ရေးလမ်းကြောင်းကိုဆက်လက်ချီတက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နှင့် ဘာရိန်းတို့ ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကို ဂျပန်တိုက်စစ်မှူး ကိုင်ဂျီတာမာဒါက ရရှိသွားသည်။

ပွဲကြီးပွဲကောင်း

အာရှဖလား အကြိုဗိုလ်လုပွဲအဖြစ် တရုတ်နိုင်ငံပေကျင်းမြို့ ပေကျင်းအလုပ်သမားကွင်း၌ ဩဂုတ် ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အိမ်ရှင်တရုတ်နှင့် အီရန်တို့ပွဲမှာလည်း အကြိတ်အနယ်ရှိကာ ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်ခဲ့သည်။

တရုတ်အသင်းက ၅း၃း၂ ပုံစံဖြင့် ကစားပြီး အီရန်တို့ကလည်း ၅း၃း၂ ပုံစံဖြင့်ပင် ကစားခဲ့သည်။ ပွဲစသည်နှင့် နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားခဲ့ကြရာ အပြန်အလှန် ထိုးဖောက်ကစား နိုင်ကြသည်။

ပွဲချိန် ၁၈ မိနစ်တွင် ဘယ်ခြမ်းမှ တရုတ်တိုက်စစ်မှူး ဟိုဟိုင်ဒေါင် ဘောလုံးသယ်ယူလာပြီး အီရန်ဂိုးဧရိယာအတွင်း ချပေးလိုက်သည့် ဘောလုံးကို တရုတ်ကွင်းလယ်ကစားသမား ရှောက်ကျားရီက ဘယ်ခြေဖြင့် ကန်သွင်းရာမှ တရုတ်တို့ ဂိုးစတင်ရရှိခဲ့သည်။

ချေပဂိုး

အီရန်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာညာတောင်ပံမှ ထိုးဖောက်ကစားမှုကို တရုတ်နောက်ခံလူများ မနားတမ်းဖျက်ထုတ်နေရပြီး ပွဲချိန် ၃၈ မိနစ်တွင် အီရန်ကွင်းလယ် ကစားသမား ကာရာမီ ချပေးလိုက်သည့် ဘောလုံးကို အီရန်ကွင်းလယ်ကစားသမားမိုဟာမက်အယ်ရာမီက ဂိုးဧရိယာနှင့် မလှမ်းမကမ်းမှ အမှတ်မထင် ကန်သွင်းရာ ဂိုးဝင်သွားခဲ့ရာမှ အီရန် တို့ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၄၇ မိနစ်တွင် တရုတ်တို့ တိုက်စစ်ဆင်ကစားနေရာမှ တရုတ်ကွင်းလယ်ကစားသမား ရှောက်ကျားရီကို အီရန်နောက်ခံလူ ဆက်တာဇာရီက အလွတ်တွန်းလိုက်မှုကြောင့် အနီကတ် တိုက်ရိုက်ပြ အထုတ်ခံခဲ့ရသဖြင့် အီရန်တို့ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

အီရန်တို့ ၁၀ ဦးဖြင့်ကစားသည့် အချိန်မှစပြီး ခံစစ်ပုံစံဖြင့် ပြောင်းလဲကစားခဲ့ရာ ပွဲမှာတရုတ်တို့က တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး ဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲပြီးချိန်အထိ ဂိုးမရရှိခဲ့ပေ။ တရုတ်တိုက်စစ်မှူးများက ရရှိသည့် အခွင့်အရေးကောင်းများကို ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့မှုကြောင့် အချိန်ပိုမိနစ် ၃၀တွင်လည်း တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ခဲ့ကြသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရသည်။

ဗိုလ်လုပွဲတက်ရောက်

ပယ်နယ်တီ ငါးလုံးစီကန်သွင်းရာ တရုတ်တို့က ပယ်နယ်တီအပါအဝင် ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိပြီး အာရှဖလား ဗိုလ်လုပွဲသို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

တရုတ်အသင်းသည် အာရှဖလားသမိုင်းတွင် ၁၉၇၆ ခုနှစ်က အာရှဖလား အကြိုဗိုလ်လုပွဲ၌ အီရန်တို့ကို နှစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်ရှုံးကြွေးကို ယခု အာရှဖလား ၂၀၀၄တွင် ပြန်ဆပ်နိုင်ခဲ့ပြီ ဖြစ်သည်။ ဗိုလ်လုပွဲ တွင် ဂျပန်ကို အနိုင်ယူကာ ချန်ပီယံဖြစ်မဖြစ်ကိုမူ စောင့်မျှော်ကြည့်ရှုရပေတော့မည်။ ။

(မြန်မာ့အလင်း)

ဂျပန်နိုင်ငံ ဟာယာမားမြို့တွင်ကျင်းပမည့်

အသက်(၁၅)နှစ်အောက် အော့ပ်တစ်မစ်ရွက်လှေပြိုင်ပွဲ မြန်မာရွက်လှေအားကစားအဖွဲ့ပါဝင် ဆင်နွှဲကြမည်

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ ၂၀၀၄ ခုနှစ် ဩဂုတ်၇ရက်မှ ၁၆ရက်အထိ ဂျပန်နိုင်ငံ ဟာယာမားမြို့တွင်ကျင်းပမည့် အသက် (၁၅)နှစ်အောက် အော့ပ်တစ်မစ် ရွက်လှေပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ရွက်လှေအားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)ရှိ ပတ္တမြားခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးအား အသက်(၁၅)နှစ်အောက် အော့ပ်တစ်မစ်ရွက်လှေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာရွက်လှေအားကစားအဖွဲ့ အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်**(အပေါ်ပုံ)**က ပြိုင်ပွဲအတွက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဥမ္မာကျော်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ တွေ့ဆုံအမှာစကားပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်မည်

ပြိုင်ပွဲဝင်မြန်မာ့ရွက်လှေအဖွဲ့တွင် ခေါင်းဆောင်အဖြစ် ဒေါက်တာ ဥမ္မာကျော်က ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးအောင်မြင့်သူ(ပထမနှစ်–အဝေးသင်တက္ကသိုလ်)၊ ပြိုင်ပွဲဝင် ရွက်လှေအားကစားမောင်မယ်များအဖြစ် ရဲလင်းထူး၊ စည်သူ၊ဇော်ရဲနိုင်(ခ)ဟယ်ရီ၊ကောင်းမြတ်သူ၊အောင်ကျော်နိုင်၊ စုစန္ဒာဝေနှင့် မိုးဦးမော်ထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၅–၈–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၇။ အကပဒေသာ
- ၈း၂၀ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English For Everyday Use
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇း၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇း၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၄၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၈း၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၁၈း၁၅ ၁၀။ သက်တံရောင်သံစဉ်
- ၁၈း၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း–၄၅)
- ၁၉း၃၀ ၁၄။ မိခင်နို့တိုက်ကျွေးခြင်း၏အကျိုးကျေးဇူးများ
- ၁၉း၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ **"ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး"** (ဒုတိယဆု)(ရန်ကုန်တိုင်း–၂) (ဒုတိယပိုင်း)

တောင်ငူအသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၄

တောင်ငူအသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့မုခ်ရှိ ဗဟန်းမြို့နယ် ကြားတောရလမ်း ဇေယျာအောင်မြေကျောင်း ဓမ္မသုခတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းဝင်မဟုတ်သော မိသားစုများ အားလုံးမပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်း(ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း– ၅၄၃၉၅၈၊ ၀၉–၅၀၀၁၉၀၃၊ ဦးတင်လှ ဖုန်း– ၇၂၂၇၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်

(၈–၈–၂၀၀၄ ရက်)နေ့

နှင့်

(၂၉–၈–၂၀၀၄ ရက်)နေ့

မတော်တဆမှုများမဖြစ်ပွားရန် ယာဉ်ပိုင်ရှင်များစည်းကမ်းလိုက်နာ ရေယာဉ်မောင်းသူများလည်းလိုက်နာရန် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

နိုင်ငံပိုင်ရေယာဉ်များနှင့် ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြည်တွင်းမြစ်ကြောင်းများအတွင်း ခုတ်မောင်းသွားလာရာတွင် ရေလမ်းကြောင်းအတွင်း မတော်တဆမှုများမဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကရေယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကား ပြောကြားရာ၌ ပြည်တွင်းရှိ မြစ်ကြောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာရာ၌ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေလမ်းကြောင်းများ ကောင်းမွန်ရေး၊ ရေယာဉ်ပေါ်တွင်ပါရှိသည့် ပြည်သူများ၏ အသက်အိုးအိမ် မဆုံးရှုံးစေရေး၊ နိုင်ငံပိုင် ပစ္စည်းများ မဆုံးရှုံးစေရေးတို့အတွက် မတော်တဆမှုများ မဖြစ်ပွားစေရန် ရေယာဉ်ပိုင်ရှင်များအနေဖြင့် မိမိအကျိုး တစ်ခုတည်းကိုမကြည့်ဘဲ သက်ဆိုင်ရာ ဌာနများက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအတိုင်း ကိုယ်တိုင်လည်း လိုက်နာကြရန်လိုသကဲ့သို့ မိမိတို့၏ ရေယာဉ်မောင်းနှင်ရန် တာဝန်ပေးထားသူများကိုလည်း လိုက်နာစေရန် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက်ဒုတိယဝန်ကြီးဦးဖေသန်းက ရေယာဉ်ပိုင်ရှင်များ သိရှိနားလည်ရန်လိုအပ်သော ရေယာဉ်များ မတော်တဆမှု ဖြစ်နိုင်သည့် အခြေအနေများ၊ ဖြစ်စဉ်များကို ဥပမာ၊ သာဓကများဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

စဉ်ဆက်မပြတ်စစ်ဆေး

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က နွေရာသီ ရေနည်းချိန်နှင့် မိုးရာသီ ရေများချိန်များတွင် ရေကြောင်းပြအမှတ်အသားများ စနစ်တကျထားရှိမှုအခြေအနေ၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများကိုစဉ်ဆက်မပြတ်စစ်ဆေးပြီး ရေလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးမှု အခြေအနေ၊ အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးမှုအခြေအနေနှင့် မြစ်ကြောင်းများ တစ်လျှောက် ရေယာဉ်စစ်ဆေးရေးနေရာများ သတ်မှတ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအားစုဖွဲ့၍ ရေယာဉ်မတော်တဆမှု မဖြစ်ပွားစေရန် စစ်ဆေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ထားရှိရေး

ဆက်လက်၍ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်း၊ ဥပဒေနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဌာနပိုင်ရေယာဉ်များ အခြေအနေနှင့် ရေယာဉ်ဝန်ထမ်းများအား ကြီးကြပ်ညွှန်ကြားထားမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က စက်ရှိ၊ စက်မဲ့ရေယာဉ်များ လိုင်စင်အတိအကျရှိစေရန်ဆောင်ရွက်ထားရေးတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရေယာဉ်ပိုင်ရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်ရောက် သာစည်နယ်ဖွား ဆရာတော်များအား သာစည်အသင်း (ရန်ကုန်)မှ ဩဂုတ် ၁၅ ရက် (ဒုတိယ ဝါဆိုလကွယ်နေ့)၌ ရန်ကင်းမြို့နယ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ ရန်ကုန်ရောက် သာစည်နယ်သူ နယ်သားများနှင့် အသင်းဝင်များ ကြွရောက် ပူဇော်နိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း၊ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့်ဂုဏ်ပြုပူဇော်ပွဲ၊ စာသင်သံဃာဆုလက်မှတ်ဆက်ကပ်ပွဲတို့ကို ဒုတိယဝါဆိုလပြည့်နေ့က အဆိုပါကျောင်းတိုက်၌ကျင်းပရာ မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတနှင့် သံဃာတော်များထံ အလှူရှင်များ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကိုယ်တွေ့ဉာဏ်မြင်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၄

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က ဩဂုတ် ၈ရက်မှ ၁၄ရက် ညနေ ၅နာရီမှ ၆နာရီခွဲအထိ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဗိမာန်တွင်လည်းကောင်း၊ ဩဂုတ် ၁၅ရက်မှ ၂၁ရက် ညနေ ၆နာရီခွဲမှ ၈နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် လည်းကောင်း ဟောပြောပို့ချ မည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

တိုက်ခန်းဝယ်လိုသည်

အသင့်နေထိုင်ရန် ၂ထပ်မှ ၅ထပ် အထိ လမ်းမတော်၊ လသာမြို့နယ်။

Ph.728099

နေ့စဉ် 9 A.M-4P.M.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်း ၅၄၊ မြေကွက် အမှတ် ၁၄၆ (က+ခ) ဦးစိုးမြင့်အောင်-ဒေါ်ချိုချိုအေးမြေကွက်အား ဦးသန်းဌေးအောင် ၁၂/ရကန(နိုင်) ၀၃၅၈၁၂ က ဂရန်သစ်လျှောက်ထားရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

မောင်ဆန်းထွန်းမော်နှင့်အများသိစေရန်

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ဇလမ်း၊ အမှတ်၁၆၈နေ ဦးအောင်ကျော်စိုး ၁၂/ဥကတ(နိုင်) ၀၇၄၇၂၂သည် အတူနေ မောင်ဆန်းထွန်းမော် ၁၂/ဥကတ(နိုင်)၁၃၁၈၉၀ အား မေတ္တာဖြင့်စောင့်ရှောက်ထားခဲ့ပြီး ယခုအခါတွင် ၎င်းသည် အတူနေလူကြီးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၄-၇-၂၀၀၄ရက်က ၎င်း၏ဆန္ဒအတိုင်း ပြုလုပ်ဆောင်ရွက်သွားပြီး နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ မိမိတို့နှင့်မည်သို့မျှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်စိုး။

အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် အဖွဲ့ချုပ်လူငယ်ညွန့်ပေါင်းအသင်းအား အောင်ဆန်း အားကစားပြိုင်ဝင်း၌တွေ့ရစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲဒုတိယပွဲစဉ် အဖွဲ့ချုပ်လူငယ်နှင့်မိုဟမ်ဘဂမ်အသင်းယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၄

မြန်မာ-အိန္ဒိယချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် အဖွဲ့ချုပ် လူငယ်ညွန့်ပေါင်းဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံအနောက်ဘင်ဂေါပြည်နယ်မှ မိုဟမ်ဘဂမ်ဘောလုံးအသင်းတို့ ဩဂုတ်၅ရက် **(ယနေ့)** ညနေ ၄ နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဖွဲ့ချုပ်လူငယ်ညွန့်ပေါင်း

အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည့် အဖွဲ့ချုပ်လူငယ်ညွန့်ပေါင်းအသင်းတွင် အားကစားသမား ၂၅ဦးပါဝင်ရာ **(ဂိုး)**ရဝေဇင်(တံခွန်)၊ ဇော်မိုးထက် (စီးပွား/ကူးသန်း)၊ အောင်နိုင်စိုး(မြို့တော်စည်ပင်)၊ **(နောက်တန်း)** မင်းမင်းထွန်း(စွမ်းအင်)၊ ချမ်းချမ်း(စီးပွား/ကူးသန်း)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊ အေးဆန်း(တံခွန်)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ အောင်ကျော်ဦး (ကမ္ဘောဇ)၊ ဇော်မျိုးမင်း(ဆောက်လုပ်ရေး)၊ ကျော်ဇေယျာဝင်း(ပို့ဆောင်ရေး)၊ **(အလယ်တန်း)** ရန်နောင်စိုး (စွမ်းအင်)၊ ခင်မောင်လွင် (လယ်/ဆည်)၊ မျိုးနိုင်(လယ်/ဆည်)၊ ကျော်ကျော်စိုး(ဘဏ္ဍာ/အခွန်)၊ အောင်သန်းဝင်း (တံခွန်)၊ နေဝင်း(ကမ္ဘောဇ)၊ မျိုးဇော်ဦး(စွမ်းအင်)၊ ကျော်သက်ဦး(ကမ္ဘာဇ)၊ **(ရှေ့တန်း)**ထွန်းထွန်းအေး(စွမ်းအင်)၊ မင်းသူအောင်(သစ်တောရေးရာ)၊ လှအေးထွေး(ပတ္တမြားနဂါး)၊ ထက်အောင်(ပို့ဆောင်ရေး)နှင့်စထက်နိုင်ဝင်း (လယ်ယာထွက်ကုန်)တို့ ဖြစ်ကြသည်။

(မြန်မာ့အလင်း)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့အကြီးဆုံးဖားကန့်ကျောက်စိမ်းတုံးကို မြေအောက်ပြတိုက်ပြုလုပ်ပြသမည်၊ ကျွန်းနှင့်သစ်မာများ အိန္ဒိယပို့ရန်စီစဉ်၊ လမ်းကြိတ်စက်များကို ပြည်တွင်းထုတ်လုပ် စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာများနှင့် အတူ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက အကြမ်းဖက် တန်ပြန်စစ်ကို ဘုရှ်ထက်သာအောင် တိုက်နိုင်သည်ဟုဆို၊ ဒါကာမြို့ ရေတွေကြီး သုံးဘီးမစီး လှေကိုစီး၊ အသက်အိုသော်ငြား ခန္ဓာပျိုသူများ အလှပြိုင်ပွဲ တရုတ်တွင် ကျင်းပမည်၊ အဝချင်းပြိုင်ဘယ်သူနိုင်ပါ့မယ်၊ အီရန်နိုင်ငံဒြပ်စင်ခွဲစက်ရုံပြန်ဆောက်နေ အစရှိသည့် နိုင်ငံတကာရေးရာသတင်းဝေဝေဆာဆာကို e-Empire Media House ဖုန်း-၇၀၃၈၁၃က ဖြန့်ချိထားသည်။

(က-ပ)

ဝန်ထမ်းအလိုရှိသည်

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာ ခန့်ထားရန်)

Good Brothers Co., Ltd. ၏ နယ်အရောင်းဆိုင်ခွဲများတွင် တာဝန် ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

Accountant

ကျား/မ (၃)ဦး

B.Com (or) D.A (Any Graduate)

(လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိသူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။)

စိတ်ပါဝင်စားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံသုံးပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၁၉၈၃၊ ext; ၈၀၂-၈၀၅

ငွေချေးချက်ထုတ်ရန်သမ္မန်စာတရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊နည်းဥပဒေ၂၀ သုံးခွမြို့နယ် တရားရုံးတော် ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် -၁၃

ဦးကျော်ဝင်းထွန်း နှင့် ၁။ ဦးကြည်ထွန်း

၂။ ဦးဇော်ထွန်း

၃။ ဒေါ်ဥမ္မာထွန်း

၄။ ဒေါ်မော်လီထွန်း

၅။ ဦးနိုင်လင်းထွန်း

တရားလို

တရားပြိုင်များ

အထက်ပါ အမှုမှ (၁)တရားပြိုင် ဦးကြည်ထွန်း အမှတ် ၁၃၂၊ အောင်ဇေယျလမ်း၊(၉)ရပ်ကွက်၊သုံးခွမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယင်းအပေါ်၌ တရားလို ဦးကျော်ဝင်းထွန်းက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ ရက်(၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤမြို့နယ်

တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက် ပြည်သူများပူးပေါင်းပါဝင်မှုရယူဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

မွန်ပြည်နယ် မော်လမြိုင်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇူလိုင်၂၈ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်၏ လယ်ယာကဏ္ဍဆောင်ရွက်ချက်များဖြစ်သည့် မိုးစပါးစိုက်ပျိုးပြီးစီးမှုတွင် လျာထားချက်ဧက ၇၀၁၅၀၅တွင် စိုက်ပျိုးပြီးဧက ၅၈၃၈၉၆၊ စိုက်ပျိုးပြီးရာခိုင်နှုန်း ၈၃ ဒသမ ၂၃ရာခိုင်နှုန်းရှိမှု၊ မိုးသီးနှံများစိုက်ပျိုးပြီးစီးမှု၊၂၀၀၄-၂၀၀၅ခုနှစ် ငရုတ်ကောင်းနှင့် ရော်ဘာစိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၄-၂၀၀၅ခုနှစ် မြေယာဖော်ထုတ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က မွန်ပြည်နယ်တွင် ဆည်မြောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ပြည်နယ်အတွင်း ရေလှောင်တမံလေးခု၊ ဆည်ရေသောက်ဧရိယာ၁၇၆၅၈ ဧကရှိမှု၊ ရေဘေးကာကွယ်နိုင်သည့် တာတမံ၁၈ခု၊ ရေဘေးကာကွယ်နိုင်သည့် ဧရိယာ ၂၁၀၆၃ ဧကရှိမှုနှင့် ရေနုတ်မြောင်း၅၅ခုမှ ရေဘေးကာကွယ်နိုင်သည့် ဧရိယာ ၁၂၄၃၄၀ ဧကရှိမှု၊ တည်ဆောက်ဆဲ ကတိုက်ရေလှောင်တမံပြီးစီးမှုအခြေအနေ၊ ဆည်မြောင်းတာတမံများ ထိန်းသိမ်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ်၏ သားငါးကဏ္ဍဆောင်ရွက်မှုအခြေအနေကို မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မြင့်က တင်ပြရာတွင် ၂၀၀၄-၂၀၀၅ခုနှစ် အသားတင်ထုတ်လုပ်မှုတွင် တစ်နှစ်လုံးရည်မှန်းချက် ပိဿာ ၁၅ဒသမ၂၉သန်းအနက် ပိဿာ၄ဒသမ ၀၉သန်း၊ ရာခိုင် နှုန်းအားဖြင့် ၂၆ ဒသမ ၇၅ ရာခိုင်နှုန်း ထုတ်လုပ်နိုင်မှု ကြက်၊ဥ၊ ဘဲဥထုတ်လုပ်မှုတွင် လုံးရေ၁၃ဒသမ၄၈ သန်း လျာထားချက်တွင် ၂၈ ဒသမ၆၉ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၂၅ဒသမ၂၈ရာခိုင်နှုန်းရှိမှုတို့ကိုလည်းကောင်း၊ ငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ရေငန် ငါး၊ ပုစွန် ၈ဒသမ၈၁ ပိဿာသန်း၊ ရေချိုငါး၊ ပုစွန်၀ဒသမ ၇၇ပိဿာသန်း အသီးသီး ထုတ် လုပ်နိုင်မှုကို လည်းကောင်း၊ ငါး၊ ပုစွန်မွေးမြူမှုတွင် ငါး မွေးမြူမှု ၄၉၂ဒသမ ၉၀ ဧက၊ ပုစွန်မွေးမြူမှု ၉၂၆ ဒသမ ၃၃ဧက စုစုပေါင်း ငါး၊ ပုစွန် ၁၄၁၉ ဒသမ ၂၃ ဧက မွေးမြူနိုင်မှုကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် စိုက်ပျိုးရေးကဏ္ဍ၌ စပါးစိုက်ပျိုးထုတ်လုပ်မှုကို လျာထားချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်ရေး၊ ရော်ဘာစိုက်ဧကများ တိမ်မြုပ်နေမှုဖော်ထုတ်ရေး၊ တာဝန်ရှိသူများ အောက်ခြေအထိဆင်း၍ စာရင်းဇယားကိန်းဂဏန်းများ မှန်ကန်အောင်ပြုစုရေး၊ ဆည်မြောင်းကဏ္ဍ၌ ရေအားလျှပ်စစ်ထုတ်ယူနိုင်မည့် ရေအရင်းအမြစ်ရှာဖွေရေး၊ ရေတော်မိုးတော်စပါး စိုက်ဧကတိုးတက်လာအောင် ဆည်မြောင်းနှင့် ရေထိန်းတံခါးများ၏ လိုအပ်ချက်၊ အားနည်းချက်များကို ပြုပြင်ထားရှိရေး၊ လိုအပ်သောနေရာများတွင် မြစ်ရေတင်လုပ်ငန်းများ လုပ်ဆောင်၍ နွေစပါး စိုက်ပျိုးနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ သားငါးထုတ်လုပ်ရေး ကဏ္ဍ၌ ငါး၊ ပုစွန်မွေးမြူမှုကို တစ်နိုင်ငံလုံး၌ ဧကတစ်သိန်းလုပ်ဆောင်ရန် ရည်မှန်းထားရာတွင် မွန်ပြည်နယ်အနေဖြင့် ငါး၊ ပုစွန်မွေးမြူမှုဧက တိုးတက်အောင် ဆောင်ရွက်ရေး၊ ပြည်ပပို့ငါး၊ပုစွန်ကိန်းဂဏန်းများ မှန်ကန်အောင်ပြုစုဆောင်ရွက်ရေး၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကဏ္ဍတွင်စီမံကိန်းဆိုင်ရာကိန်းဂဏန်းများ မှန်ကန်အောင် ပြုစု၍ အချိန်နှင့်တစ်ပြေးညီ တင်ပြရေးတို့ကို မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းရှိသော ဒီမိုကရေစီ လမ်းစဉ်အတွက်၊အခြေခံကောင်းများ ပြည့်စုံလာရေးအတွက် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများကလည်း နိုင်ငံ့တာဝန်များကို ပိုမိုတိုးတက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးသတိ၊ လုံခြုံရေးသတိ အမြဲရှိ၍ ပြည်သူများ၏ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည်လည်း မိမိလက်အောက်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အခါမလပ် ကြီးကြပ်၍၊ တာဝန်ကျေပွန်၍ စည်းကမ်းကျနသော နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြီးကြပ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူများပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ကို စေတနာအပြည့်အဝထား၍ ပြည်သူများ၏ ယုံကြည်မှုရရှိအောင် တည်ဆောက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အပတ်တကုတ်ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရ၏ ကိုယ်စားပြုသူများဖြစ်၍ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးရည်မှန်းချက်အောင်မြင်အောင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံလွင်တံတား (မော်လမြိုင်)

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် နံနက်၁၀နာရီတွင် မော်လမြိုင်မြို့ရှိ သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြသည်။ ယင်းနောက် မော်လမြိုင်ဘက်ခြမ်းရှိ ရှင်းလင်းဆောင်၌ မော်လမြိုင်ဘက်ခြမ်းတာဝန်ခံ အင်ဂျင်နီယာမှူးဦးတင့်လွင်က သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၊ မော်လမြိုင်ဘက်ခြမ်း၏ တံတားတည်ဆောက်မှုပင်မတံတားတည်ဆောက်ဆဲလုပ်ငန်းများဖြစ်သော လူသွားလမ်းကျောက်ပြားခင်းခြင်းလုပ်ငန်း ၉၇ရာခိုင်နှုန်း ပြီးစီးနေမှု၊ ပင်မတံတား RP ၂၂မှ RP၁၀အထိ Protection Wall(ဘီးကာ) နှစ်ဖက်ပြုလုပ်မှုတွင် ၁၀ရာခိုင်နှုန်း ပြီးစီးနေမှု၊ အပြင်လက်ရန်းတန်းနှင့် အတွင်းသံဆန်ခါတပ်မှု ၁၂ရာခိုင်နှုန်းပြီးစီးနေမှုတို့ကိုလည်းကောင်း၊ဆက်လက် ဆောင်ရွက်ရန်ကျန်ရှိသည့် ဆေးသုတ်လုပ်ငန်းများနှင့် ပင်မတံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ချဉ်းကပ်တံတားလုပ်ငန်းတွင် တံတားတိုင်များနှင့် H and Rail Road Curb လမ်းလယ်တားဆီးများ ဆေးသုတ်ခြင်းနှင့် သံကူကွန်ကရစ် လှေကားတပ်ဆင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုများကိုလည်း ကောင်း၊ ချဉ်းကပ်လမ်းလုပ်ငန်းတွင် ချဉ်းကပ်လမ်းကျောက် ခင်းခြင်းလုပ်ငန်း၃၆ရာခိုင်နှုန်း၊ ရေထုတ်မြောင်း၊ အုတ်ရေမြောင်းနှင့် Culvertတည်ဆောက်ခြင်းလုပ်ငန်း ၂၀ရာခိုင် နှုန်းပြီးစီးနေမှုနှင့် အဝိုင်းပုံတည်ဆောက်မှုလုပ်ငန်း ငါးရာခိုင်နှုန်းပြီးစီးနေမှုတို့ကိုလည်းကောင်း၊ တံတားတည်ဆောက်မှု အားလုံးတွင် မော်လမြိုင်ဘက်ခြမ်းအနေဖြင့် ၈၉ရာခိုင်နှုန်း ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်) မုတ္တမဘက်ခြမ်းတာဝန်ခံ အင်ဂျင်နီယာမှူးဦးမျိုးဝင်းက မုတ္တမဘက်ခြမ်းတံတားတည်ဆောက်မှုလုပ်ငန်း ချဉ်းကပ်တံတားတည် ဆောက်မှုတွင် ကျန်ရှိနေသော လက်ရန်းတန်းတပ်ဆင်မှု ၃၇ခန်းအနက် ၁၁ခန်း၊ လျှပ်စစ်မီးတပ်ဆင်မှု ၁၀ရာခိုင်နှုန်း၊ ရေဆင်းပိုက်တပ်ဆင်မှု ၅ရာခိုင်နှုန်း၊ Side Drainနှစ်ဖက်ပြုလုပ်မှု နှစ်ရာခိုင်နှုန်း၊ ပင်မတံတား တည်ဆောက်မှုတွင် ပင်မတံတားဘီးကာ သံကူကွန်ကရစ်လောင်းခြင်း၊ Guard Railတပ်ဆင်ခြင်း၊ လူသွားလမ်းလက်ရန်းအတွင်း သံဆန်ခါတပ်ဆင်ခြင်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ၌ ကျန်ရှိသည်များကို ဆက်လက်လုပ်ဆောင်နေမှု အခြေအနေများကိုလည်းကောင်း၊ ချဉ်းကပ်လမ်း လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တံတားတည်ဆောက်မှု အားလုံးတွင် မုတ္တမဘက်ခြမ်းအနေဖြင့် ၈၈ရာခိုင်နှုန်း ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက သံလွင်တံတား(မော်လမြိုင်) မီးရထားတံတားတည်ဆောက်ရေးစီမံကိန်းအတွက် ပစ္စည်းစုဆောင်းရရှိမှု၄၂ရာခိုင်နှုန်းနှင့် သံလမ်းနှင့်တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် လုပ်ငန်းကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် စတင်လုပ်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များ အသေးစိတ်မှာကြားပြီး တည်ဆောက်မှုလုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့ ကြာဖန်းကျေးရွာသို့ ရောက်ရှိကြပြီး ကြာပန်း-ခနေ-ဝီယော်-ဝင်းကန်ကျေးလက် ဖွံ့ဖြိုးရေး လမ်းဖောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးက ကြာပန်း-ခနေ-ဝီယော်လမ်းပိုင်း ၁၂ မိုင်ကို ဒေသခံပြည်သူများနှင့် တပ်မတော် သားများပူးပေါင်းဆောင်ရွက်မှု၊ မွန်ပြည်နယ်နှင့် သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ စက်ယန္တရားနှင့်စက်သုံးဆီများ၊ လိုအပ်သည်များကို ကူညီပံ့ပိုးမှု အခြေအနေ၊လမ်းပိုင်းရှိ တံတား၁၈စင်းအနက် သုံးစင်းဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက်ကြာပန်း-ခနေ-ဝီယော်-ဝင်းကန်ကျေးလက်ဖွံ့ဖြိုးရေးလမ်းတွင် ဝီယော်-ဝင်းကန် အပိုင်း ၅၂ မိုင်ကို တာဝန်ယူဖောက်လုပ်နေသည့် တာဝန်ခံဗိုလ်မှူးကြီးသက်ခိုင်ဝင်းက ကျောက်စုဆောင်းမှု၊ တံတားတည်ဆောက်မှု၊ အပိုင်းအလိုက် ခွဲခြားတာဝန်ယူဆောင်ရွက်မှု၊ လမ်းပိုင်း ၅၂ မိုင်တွင် ၃၃ မိုင် ၄ဖာလုံကို လမ်းအကျယ်ပေ ၅၀ထိ တိုးချဲ့ပြီးစီးမှု၊ လမ်းအူကြောင်းဖောက်လုပ်ခြင်းကို ၁၈ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးမှုနှင့် တံတားတည်ဆောက်ရန်ရှိသည့် တံတား၄၁ စင်းနှင့် ရေကျော်တံတား ၃၁ စင်းတို့အတွက် သစ်လုံးတန်၈၈တန် စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဦးဥက္ကာ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန)အား ရည်စူး၍ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း အမှတ် ၂၅၅/၇ နေ ဒေါ်မြင့်မြင့်နီ မိသားစုက သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် အလှူငွေ ကျပ်နှစ်သိန်းကို ဇူလိုင်၂၇ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆုချီးမြှင့်

အင်းစိန်အလက(၇)အထက ကျောင်းခွဲ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၁ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဌေးက ပထမတန်း ပထမဆုရ မောင်ဉာဏ်လင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပညာရည်ချွန်ဆု

ဇူလိုင်၂၉ရက်က အလက(၁) ပန်းဘဲတန်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲတွင် သတ္တမတန်းကျောင်းသား မောင်မြတ်သူအား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေး နည်းပညာဆွေးနွေး အဇိုလာ (ရေကျောက်ခက်) သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲမှု လက်တွေ့သရုပ်ပြ

ရေတာရှည် ဇူလိုင် ၃၀

မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေး (တိုင်းအဆင့်) နည်းပညာဆွေးနွေးပွဲနှင့် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် စံပြကွက်စမ်းသပ်ကွက်များနှင့် အဇိုလာ (ရေကျောက်ခက်) သဘာဝမြေသြဇာပြုလုပ်သုံးစွဲမှု လက်တွေ့သရုပ်ပြသပွဲကို ဇူလိုင် ၂၆ ရက်နံနက် ၉ နာရီက ရေတာရှည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကုန်းကြီးစိုက်ပျိုးပညာပေးရေး စခန်းနယ်မြေရှိ လယ်မြေတွင်ကျင်းပသည်။ (အောက်ပုံ)

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပဲခူးတိုင်း မန်နေဂျာဦးဝင်းမောင်က မိုးစပါးပန်းတိုင် အထွက်နှုန်း တင်း ၁၀၀ ရရှိရေးအတွက် လယ်သမားကြီးများ သိရှိလိုက်နာဆောင်ရွက်ရမည့် နည်းလမ်းလေးသွယ်ဖြစ်သော စိုက်စနစ်မှန်ကန်ရေး၊ သီးနှံ အလိုက်အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက်မြေသြဇာများပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးနှင့် နည်းပညာများကိုလိုက်နာဆောင်ရွက်ကြရေး ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ခရိုင်မန်နေဂျာ ဦးအောင်ကျော်ဦးက စပါးခေါင်းနှံ ရွေးချယ်ခြင်း၊ ပေါင်းပျိုးထောင်စနစ်ဖြင့် ရွေးချယ်စိုက်ပျိုးခြင်းနှင့် အဇိုလာ (ရေကျောက်ခက်) သဘာဝမြေသြဇာ မွေးမြူထည့်သွင်း အသုံးပြုခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

စိတ်ဝင်တစားလေ့လာ

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား စပါးတစ်ဧက အထွက်နှုန်း တိုးရေးအတွက် စံပြကွက်များ၊ စမ်းသပ်ကွက်များ၊ (ရေကျောက်ခက်)မွေးမြူအသုံးပြုခြင်း နည်းစနစ်များနှင့်အညီ လက်တွေ့ဆောင်ရွက်မှုများကို မြို့နယ်မန်နေဂျာ ဦးသန်းအေးက ရှင်းလင်းပြသရာ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

(က-ပ)



တူးဖော်

ဇူလိုင် ၂၁ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကိုင်းတောကြီးကျေးရွာ ကျေးလက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများ မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာများတွင်ကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက် ဖွင့်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးကြီးမှူး၍ မြို့နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ငွေဇင်ယော်ကျေးရွာစာသဝဏ် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)နှင့် ရှောက်ချောင်းအုပ်စု ဥက္ကဋ္ဌ ဦးလှဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့ပြင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို ဇူလိုင် ၁၂ ရက်မှ ၂၈ ရက်အထိ မြို့နယ်အတွင်းရှိ တန့်ငူ၊သုံးခွ၊လပွတ္တာလုတ်ကလေး၊ ငွေဇင်ယော်၊မြစ်တို၊ မိဿလင်ကုန်း၊ မြတ်သာဓိဖြူ၊ ကံကုန်း၊ သုံးခွချွန်း၊ ကွဲတလင်း၊ ဒလင်းလှည်းဆိပ်၊ ဘုရားဒေါင့်၊ ကျော်ဇံ၊ ဂရမ်း၊ဝါးရခိုင်၊ မရဲ့အုန်းပင်စု၊ စီးပွားချောင်၊ သစ်တိုဆိပ်၊ သခွတ်ကုန်း၊ စစ္စလီတုံးနှင့် ထီပါလယ်သောင်တန်း ကျေးရွာများတွင် ဖွင့်ပွဲများ ကျင်းပကြကြောင်း သိရသည်။

(ဝ၉၇)

ဘောလခဲမြို့နယ်၌ ဘဝတွက်တာကျွမ်းကျင်စရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်

ဘောလခဲ ဇူလိုင် ၂၀

ကယားပြည်နယ် ဘောလခဲမြို့နယ်တွင် ဇွန် ၁၁ ရက်က အထက်တန်း၊ အလယ်တန်းဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ မြို့နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အထက ကျောင်းအုပ်ဆရာမကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့်သင်တန်းသား ဆရာဆရာမများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

သာပေါင်းမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့်

သာပေါင်း ဇူလိုင် ၂၀

သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစာကြည့်တိုက်များ ဖွင့်လှစ်သည်။

ထို့နောက် ရှမ်းကွင်းရွာ ဘဝတန်ဆောင်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၃ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယကဥက္ကဋ္ဌ ဒေါ်ခင်ခင်ချစ်နှင့် ရှမ်းကွင်းရွာဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အလားတူ သက်န်းပင်ဆိပ် သူရိယာစာကြည့်တိုက်၊ သစ်ပုတ်ကုန်းပညာအားမာန်စာကြည့်တိုက်၊ ထလုပ်ကုန်းပညာဗိမာန်စာကြည့်တိုက်၊ ဆောင်ဘုံဘဝတက္ကသိုလ်စာကြည့်တိုက်၊ ရှမ်းမမြောင်ရောဝတီစာကြည့်တိုက်၊ တောင်ကလေးအမျိုးဂုဏ်စာကြည့်တိုက်နှင့် ဆီဆုံနတ်ရှင်နောင်စာကြည့်တိုက်များကို မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ဝမ်းတွင်းမြို့၌ကျင်းပ

ဝမ်းတွင်း ဇူလိုင် ၃၀

ဝမ်းတွင်းမြို့နယ် ညောင်အုပ်ဖီကျေးလက်ကျန်းမာရေးဌာန ခင်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နိုင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က အမှာစကား အသီးသီးပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခင်ကြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်မြောက်ရေးကော်မတီဝင် ဦးညဏ်ငွေက ဆောခန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၂၇ ရက်က မန်စီမြို့နယ် ဟန်ထက်ကျေးရွာအုပ်စု မံမကောက်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးမြင့်ဝင်းက ကျေးရွာဥက္ကဋ္ဌ ဦးကျားစိန်သို့ စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(က-ပ)

ဥယျာဉ်ခြံ လုပ်ကိုင်လိုသူများအတွက်

၁။ ကီလိုမာလကာဥနီ
၂။ အစေ့မှည့်မာလကာ (အဝိုင်းမျိုး)
၃။ မျိုးဆန်းမာလကာ
၄။ ယိုးဒယားစိမ်းစားသရက်
၅။ သရက်မျိုးသစ်
၆။ ပျားရည်ကျွဲကော
၇။ ယိုးဒယားဒူးရင်း
၈။ ယိုးဒယားသံပရာ
၉။ ယိုးဒယားပိန္နဲ စသည့် မျိုးကောင်းမျိုးသန့်အပင်များ ရောင်းရန်ရှိသည်။

